# ညွန့်ပေါင်းသတင်းလွှာ

NCGUB

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

အမှတ် ၅၄

ဇွန် ၂၀၀၉


## ဒေါ်အောင်ဆန်းစုကြည်ကို နအဖ က တရားရုံးတင်



ရန်ကုန်မြို့တွင် နေအိမ်အကျယ်ချုပ် ကျခံနေရသူ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးတင်းကျပ်စွာ ချထားသည့် နေအိမ်ဝင်းထဲသို့ နိုင်ငံခြားသား တဦး လျှို့ဝှက်ဝင်ရောက်သည်ကို လက်ခံထားရှိမှုဖြင့် နအဖ စစ်အုပ်စုက လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးတင်စစ်ဆေးနေသည်။

အသက် ၅၃ နှစ်အရွယ် အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောသည် မေ (၃)ရက်ညဘက်တွင် အင်းလျားကန်ကို ရေကူးပြီး ဒေါ်အောင်ဆန်းစုကြည် ခြံထဲခိုးဝင်ခဲ့ကာ ပြန်အထွက် (၅)ရက်နေ့ မနက်တွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အဦအနီး အင်းလျားကန်အတွင်း ရေကူးနေစဉ် ဖမ်းမိခဲ့သည်ဟု စစ်အစိုးရက ကြေညာသည်။ သို့ဖြစ်၍ သူမကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းဥပဒေ ပုဒ်မ ၂၂ ဖြင့် နအဖကတရားစွဲထားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အတူနေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်နှစ်ဦးကို ဒုရဲမှူးကြီးအဆင့်ရှိ ဇော်မင်းအောင်ဆိုသူက မေ (၁၄)ရက်တွင် အမှုဖွင့်ရုံးတင်ပြီးနောက် အင်းစိန်ထောင်တွင် ချုပ်နှောင်ထားလိုက်သည်။ အမှုကို မေ (၁၈)ရက်၌ စ,စစ်ရာ ဒေါ်အောင်ဆန်းစုကြည်အတွက် ရှေ့နေများအဖြစ် ဦးကြည်ဝင်း၊ ဦးလှမျိုးမြင့်၊ ဦးဉာဏ်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်တို့ လိုက်ပါဆောင်ရွက်သည်။ မတရားသူကြီးများအဖြစ် ရန်ကုန်မြောက်ပိုင်းခရိုင် မတရားရုံးမှ ဦးသောင်းညွန့်နှင့် အနောက်ပိုင်းခရိုင် မတရားရုံးမှ ဦးညီညီစိုးတို့ဆောင်ရွက်သည်။ ရှေ့နေလိုက်ရန် မူလကစီစဉ်ခဲ့သည့် ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့ကိုမူ နအဖစစ်အစိုးရက မေ (၁၅)ရက်တွင် ရှေ့နေလိုင်စင်ပိတ်လိုက်သည်။

မေ(၂၀)ရက် ကြားနာမှုတွင် နိုင်ငံခြားသံတမန် (၃၀)ခန့်၊ နိုင်ငံခြားသတင်းဌာန (၅)ခုနှင့် ပြည်တွင်းသတင်းဂျာနယ် (၅)ခုကို ဝင်ရောက်ခွင့်ပေးခဲ့သည်။ (၂၁) ရက်နေ့ ကြားနာမှုတွင်မူ ဝင်ရောက်ခွင့်မပေးတော့ဘဲ တရားခွင်ပြီးဆုံးချိန်ကျမှ စင်္ကာပူ၊ ထိုင်းနှင့် ရုရှနိုင်ငံ သံတမန်များကို ဒေါ်အောင်ဆန်းစုကြည်နှင့် သီးခြား တွေ့ဆုံခွင့် ပေးခဲ့သည်။

မေ (၂၂)ရက်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား မစ္စတာ ဂျွန်ဝီလီယံယက်တောတို့ (၄)ဦးအမှုကို အင်းစိန်ထောင်တွင်း အထူးတရားရုံးမှ စွဲချက်တင်လိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖော်များက အပြစ်မရှိကြောင်း ပြတ်ပြတ်သားသား ငြင်းဆိုကြသည်။ အမှုတွင် နအဖ ဘက်မှ တရားလိုပြသက်သေ (၂၃)ဦးတင်သွင်းခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်မှ မူလက သက်သေ (၄) ဦး တင်သွင်းခဲ့သော်လည်း တဦးသာခွင့်ပြုခဲ့၍ တိုင်းတရားရုံးသို့အယူခံသည့်အခါ နောက်တဦးထပ်ခွင့်ပြုခဲ့သည်။ (စာမျက်နှာ ၄ သို့)

## နအဖ ကို နိုင်ငံတကာ ရာဇဝတ်တရားရုံးတင်



မေ (၁၅)ရက်တွင် အရှေ့တီမောသမတ ဟိုဆေးရာမို့စ်ဟော်တာက မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ရာဇဝတ်မှုများ ကျူးလွန်မှုဖြင့် နိုင်ငံတကာရာဇဝတ်ခုံရုံးမှာ ရုံးတင်စစ်ဆေးရန် တောင်းဆိုလိုက်သည်။

ဗြိတိသျှလွှတ်တော်အမတ် ၆၀ ကျော်ကလည်း မြန်မာနိုင်ငံမှ လူသားမျိုးနွယ်ဆန့်ကျင်ရေး ရာဇဝတ်မှုများကို ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးရန် မေ (၇)ရက်၌ တောင်းဆိုခဲ့ကြသည်။ ယင်းအမတ်များက ကုလသမဂ္ဂ အနေဖြင့် ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိမှု R2P မူဝါဒကို အသုံးပြုပါရန် တိုက်တွန်းထားသည်။

အာရှ၊ အာဖရိက၊ ဥရောပ၊ လက်တင်အမေရိကနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထိပ်တန်းနိုင်ငံတကာတရားသူကြီး (၅)ဦးကလည်း နအဖစစ်အစိုးရ၏ လူသားမျိုးနွယ်ဆန့်ကျင်ရေးရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် မေ (၂၁) ရက်တွင် တောင်းဆိုလိုက်သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ကုလလူ့အခွင့်အရေးကောင်စီတို့၏ ဆုံးဖြတ်ချက်များနှင့် ကုလလူ့အခွင့်အရေးဆိုင်ရာ (စာမျက်နှာ ၁၀ သို့)

### ယ ခု လ ဖတ် စ ရာ


| | |
|---|---|
| သတင်းလွှာအာဘော် (ဒီမိုကရေစီ တိုက်ပွဲ ပြင်ဆင်ကြ) | ၂ |
| ရွေးကောက်ပွဲနှင့် အဖွဲ့ချုပ် | ၃ |
| ငြိမ်းဝါဒ၏ အနာဂတ် | ၃ |
| အသွင်ကူးပြောင်းရေး စီမံချက် | ၄ |
| ဥပဒေလွန်ထင်ရာစိုင်းစနစ် ဖျက်သိမ်းကြ | ၅ |
| သူတို့စကား | ၆ |
| မီးတောက်မီးလျှံ | ၇ |
| ဖြစ်ရပ်မှန် | ၁၂ |
| ဩော် ...နအဖ | ၁၂ |
| လူသတ် | ၁၄ |
| မင်းမဲ့ | ၁၄ |
| မုဒိမ်း | ၁၄ |

# "သပိတ်စုံ သူပုန်ထ ဒီမိုကရေစီတိုက်ပွဲ ပြင်ဆင်ကြ"

ဇွန်လ ရောက်သည်နှင့် နအဖစစ်အုပ်စု အထိတ်ထိတ်အပြာပြာဖြစ်လေ့ရှိသည်။ နှစ်စဉ် ဇွန်လ (၁၉)ရက်နေ့ ရောက်တိုင်း ကမ္ဘာနှင့်အဝှမ်း ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ဂုဏ်ပြုပွဲများ ခမ်းနားကြီးကျယ်စွာ ဝှဲချီးကျင်းပကြမြဲဖြစ်သဖြင့် ဤလဤရက်ရောက်တိုင်း စစ်အုပ်စုထိပ်သီးတို့ သိမ်ငယ်ထိတ်လန့်နေတတ်သည်။ ယခုနှစ်တွင် နအဖ၏ ဆိုးညစ်ကောက်ကျစ်သည့်စရိုက် လွန်ကဲလာသဖြင့် နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်ဖိအားပေးမှုများကလည်း ရေချိန်မြင့်သည်ထက်မြင့်လာသည်။ ဒေါ်အောင်ဆန်းစုကြည်အား မတရားအမှုဆင်ကာ ထောင်ချရန်ကြံစည်သည့် နအဖဗိုလ်ချုပ်များအား ပြစ်တင်ရှုံ့ချကန့်ကွက်သံတို့က ကမ္ဘာတခွင်လုံး ပွက်ပွက်ညံနေသည်။

ဤသည်ကိုကြည့်လျှင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာတနိုင်ငံတည်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တဦးမျှမဟုတ်။ ဒေါ်စု၏အရေးသည် သာမန်အရပ်သူတဦး၏ပုဂ္ဂိုလ်ရေးကိစ္စမျှ မဟုတ်သကဲ့သို့ "ဒေါ်အောင်ဆန်းစုကြည်နှင့်နအဖ ပဋိပက္ခ"သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသက်သက်မျှလည်း မဟုတ်။ ကမ္ဘာသူကမ္ဘာသားအများအပြားက ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးအတွက် သည်ပိုးနိုင်စွမ်းရှိသူအဖြစ် အသိအမှတ်ပြုနေသည့်အချက်ကို နအဖဗိုလ်ချုပ်တို့ အာဏာတိမ်သလ္လာဖုံး၍ မမြင်နိုင်ဖြစ်နေသည်။

ဒေါ်အောင်ဆန်းစုကြည်ကို တန်းတူရည်တူ လေးစားအသိအမှတ်ပြုရန် တွန့်ဆုတ်လျှက်၊ ဆက်လက်ဖိနှိပ်ချုပ်နှောင်ထားလေ၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးခေါင်းဆောင်မှုပုံရိပ်က ပို၍ပို၍ကြီးမားမြင့်ထည်လာလေ ဖြစ်မည်။ ဒေါ်အောင်ဆန်းစုကြည်၏ ရိုးသားဖြောင့်မတ်မှုအား စစ်ဗိုလ်ချုပ်များက ကောက်ကျစ်စဉ်းလဲစွာ တိုက်ခိုက်လေလေ၊ စစ်အုပ်စုအား လူထုကအော့နှလုံးနာလေဖြစ်မည်။ ဒေါ်အောင်ဆန်းစုကြည်၏ တွေ့ဆုံဆွေးနွေးရေးကမ်းလှမ်းချက်ကို စစ်အုပ်စုက ကျောခိုင်းပစ်ပယ်လေ၊ စစ်အုပ်စုအဖို့ အနာဂတ်မဲ့လေဖြစ်မည်။

နအဖ၏ နာဂစ် ဖွဲ့စည်းအုပ်ချုပ်ပုံ(၂၀၀၈)သည် နိုင်ငံရေးကလိန်ကျမှုကြီးဖြစ်သည်၊ လုပ်ကြံညစ်ပတ်မှုအပေါင်း သရဖူဆောင်းထားသည့် အတုအယောင်ဖွဲ့စည်းပုံဖြစ်သည်။ လိမ်လည်လှည့်ဖျားမှုမျိုးစုံသုံး၊ အကျပ်ကိုင်မှုမျိုးစုံလုပ်၊ သေနတ်ပြ ခြိမ်းခြောက်ကာ ထောက်ခံမဲထည့်ခိုင်းခဲ့သည်ကို တကမ္ဘာလုံးသိနေသည်။ အာဏာရှင်များပီပီ အချုပ်အခြာအာဏာသည် ပြည်သူလူထုမှ တိုက်ရိုက်ဆင်းသက်သည် ဆိုသောသဘောကို လက်မခံနိုင်ဖြစ်နေကြသည်။

၂၀၁၀ ရွေးကောက်ပွဲကို ပြည်တွင်းပြည်ပ နှစ်ဘာနလုံးက အသိအမှတ်ပြုဖို့ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်အား မဖြစ်မနေ အသိအမှတ်ပြုရပေလိမ့်မည်။ ထိုမျှမက ပြည်တွင်းစစ်ကင်းရှင်း၍ နိုင်ငံရေးတည်ငြိမ်သော လူမှုပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးရမည်။ နိုင်ငံရေးယုံကြည်ချက်ကို အကြောင်းပြု၍ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများလည်း မရှိစေရ။ နိုင်ငံသားတို့၏ အခြေခံအခွင့်အရေး (Civil Rights)ကိုလည်း အာမခံရမည်၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ (Civil Societies) လည်း လွတ်လပ်စွာဖွဲ့ခွင့်ရှိရမည်။ နိုင်ငံရေးပါတီများလည်း လွတ်လပ်စွာလှုပ်ရှားခွင့်ရှိရမည်။ သတင်းစာလွတ်လပ်ခွင့်လည်း မရှိမဖြစ် ရှိရမည်။ နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များကိုလည်း ခွင့်ပြုရမည်။ အထူးသဖြင့် လွတ်လပ်၍တရားမျှတမှုရှိကြောင်း သက်သေပြနိုင်ရန် မဲရုံကြီးကြပ်ရေးတာဝန်ကို အာဏာပိုင်၏ ဩဇာကင်းသူများအားခန့်ထားရမည်။ စစ်ဗိုလ်ချုပ်များသည် နိုင်ငံတကာအသိအမှတ်ပြုရေးအတွက် ယင်းအချက်များကို လုံးဝထည့်သွင်းစဉ်းစားထားပုံမရ။

ထို့ကြောင့် နာဂစ်မုန်တိုင်းလွန်ကာလ မြန်မာလူထုအား ဆင်းရဲခြင်းဒုက္ခပေါင်းစုံမှ လွတ်မြောက်ရေးအတွက် လူထုကယုံကြည်ကိုးစား၍ လူထုကနှင်းအပ်သည့်အခွင့်အာဏာကို အမှန်တကယ်ရရှိထားသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွတ်မြောက်ရေးကား ယနေ့ယခုအဖို့ အရေးအကြီးဆုံးသော့ချက်ကိစ္စဖြစ်ပေသည်။ လူထုအားသေနတ်ပြ အနိုင်ကျင့်၍ အတည်ပြုထားသော (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆိုပြုချက်နှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရေးသည် ဒုတိယသော့ချက်ကိစ္စဖြစ်သည်။

လွတ်လပ်ရေး၊ တရားမျှတရေးနှင့် တန်းတူရေးဆိုသည့် ဒီမိုကရေစီအနှစ်သာရများ မထွန်းကားလျှင် မြန်မာနိုင်ငံအား ဆင်းရဲတွင်းမှဆယ်တင်ရေးဆိုသည်မှာ လေထဲ၌တိုက်အိမ်ဆောက်ခြင်းသာဖြစ်ပေမည်။ ထို့ကြောင့် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် မြန်မာတမျိုးသားလုံးက နအဖဖွဲ့စည်းပုံအတုနှင့်တကွ၊ ၂၀၁၀ ရွေးကောက်ပွဲကို ကျားကုတ်ကျားခဲ တိုက်ပွဲသဏ္ဍာန်မျိုးစုံဖြင့် လက်ညီတက်ညီ ဝိုင်းဝန်းတိုက်ဖျက်ကြရပေမည်။

စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် ဆက်လက်ငြင်းဆန်လျှက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲကို ကျောခိုင်းမြဲ ခိုင်းနေပါက၊ ယနေ့ပြည်တွင်းပြည်ပ မြေပေါ်မြေအောက် ဒီမိုကရေစီဘက်သားအားလုံး တညီတညွတ်တည်း "သပိတ်စုံသူပုန်ထရေး" အမျိုးသားရေးတာဝန်ကို အဆုံးစွန် ဆင်နွှဲရန်မှတပါး အခြားမရှိဟု "ညွန့်ပေါင်းသတင်းလွှာ" က တပ်လှန့်နှိုးဆော်လိုက်ရပေသည်။

# နိုင်ငံတကာ သွေးစည်းရေး



၂၀၀၉ ခုနှစ်အတွက် တောင်ကိုးရီးယားနိုင်ငံ၏ အမြင့်ဆုံးလူ့အခွင့်အရေးဆုဖြစ်သည့် ကွမ်ဂျူးလူ့အခွင့်အရေးဆုကို မြန်မာနိုင်ငံမှ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အား ချီးမြှင့်လိုက်ကြောင်း ဧပြီ (၂၄)ရက်တွင် ကြေညာခဲ့ပြီး မေ (၁၈)ရက်နေ့တွင် အခမ်းအနားဖြင့် ချီးမြှင့်ခဲ့သည်။ ဆုတွင် ရွှေပြားနှင့် ဒေါ်လာငါးသောင်း ပါရှိသည်။ ယင်းဆုကို ၂၀၀၄ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်ရရှိခဲ့သည်။

မေ (၂၂)ရက်၌ တောင်ကိုရီးယား သမတဟောင်း နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ကင်မ်ဒေးဂျုံ က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် အလှူငွေ ဒေါ်လာ ၁၀,၀၀၀ ပေးအပ်ခဲ့သည်။

ဥရောပသမဂ္ဂ (အီးယူ)က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို ဧပြီ (၂၇)ရက်၌ နောက်ထပ်တနှစ် သက်တမ်းတိုးလိုက်ပြီး အမေရိကန်သမတ အိုဘားမားကလည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို မေ (၁၅)ရက်တွင် နောက်ထပ်တနှစ် သက်တမ်းတိုးလိုက်သည်။

အမေရိကန်အထက်လွှတ်တော်အမတ်နှစ်ဦးဖြစ်သော ဂျွန်ကယ်ရီနှင့် ရစ်ချဒ်လူဂါတို့က တပ်မတော်တွင်းမှ ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ရှိသည့် စစ်ခေါင်းဆောင်များ ရှေ့ထွက်ရန် အချိန်ကျပြီဟု မေ (၁၅)ရက်တွင် တိုက်တွန်းဆော်ဩလိုက်သည်။ ထိုခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပြီး အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးအသစ် စတင်ထူထောင်ရန်လည်း တိုက်တွန်းလိုက်သည်။ ♦

သတင်းများကို ဒီဗွီဘီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ၊ ဘီဘီစီ၊ ခေတ်ပြိုင်၊ ရိုးမ၃၊ FBR ၊ IMNA ၊ နိုရဋ္ဌရာ၊ မဇ္ဈိမ၊ ဧရာဝတီ၊ PDC ၊ ရှမ်းသံတော်ဆင့်၊ ကန္တာရဝတီတိုင်းမ်၊ ပြည်တွင်းသတင်းဂျာနယ်များနှင့် အင်တာနက်တို့မှ ရယူပါသည်။

# ရွေးကောက်ပွဲနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



ပါတီခေါင်းဆောင်များ၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပါတီဝင် ၃၀၀ ကျော်တက်ရောက်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထူးစုံညီအစည်းအဝေးက ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်နိုင်ရေးအတွက် ကြိုတင်သတ်မှတ်ချက် ၃ ခုကို ချမှတ်ထုတ်ပြန်လိုက်သည်။

ဧပြီ ၂၈-၂၉ ရက်များတွင် ရန်ကုန် ရွှေဂုံတိုင်ရုံးချုပ်တွင် ကျင်းပခဲ့သော အထူးအစည်းအဝေးအပြီး ထုတ်ပြန်သော ရွှေဂုံတိုင်ကြေညာစာတမ်းတွင် (၁) နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးလျှင်၊ (၂) ၂၀၀၈ အခြေခံဥပဒေမှ ဒီမိုကရေစီမကျသည့် အချက်များကို ပြင်ဆင်ပေးလျှင်၊ (၃) နိုင်ငံတကာ စောင့်ကြပ်လေ့လာမှုအောက်တွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးလျှင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဆုံးဖြတ်ကြေညာခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲ၌ နိုင်ငံရေးအင်အားစုအားလုံး လွတ်လပ်စွာဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလျှင် ယင်းရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းဝိုင်းက အသိမှတ်ပြုသင့်သည်ဟု အီးယူနှင့် ဂျပန်နိုင်ငံတို့က မေ (၆)ရက်တွင် ပြောဆိုလိုက်သည်။ ချက်နိုင်ငံတွင် ကျင်းပခဲ့သည့် အီးယူ-ဂျပန် အစည်းအဝေးပူးတွဲ ကြေညာချက်၌ ယခုလိုထုတ်ဖော်ပြောဆိုလိုက်ခြင်း ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ရွေးကောက်ပွဲမတိုင်မီ လွှတ်ပေးဖို့လည်း တောင်းဆိုထားသည်။

ဦးဝင်းတင်။ ။ *အစရင်တုန်းကဆို ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ကျနော်တို့က ဆုပ်ကိုင်ပြီးတော့ ဖြေရှင်းဖို့ကြိုးစားနေတာ ၂၀၀၈ ခုနှစ်အထိ။ အဲ့ဒီကနေ ကျနော်တို့ရဲ့ အခြေခံကြွေးကြော်သံဖြစ်တဲ့ "စုလွှတ်တွေ" ပေါ့ဗျာ၊ ဒေါ်စုအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးရေး၊ လွှတ်တော်ခေါ်ယူရေး၊ တွေ့ဆုံဆွေးနွေးရေး ဆိုတဲ့တောင်းဆိုချက်ထဲမှာပါတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ဘက်ကို ကျနော်တို့ရွှေ့ယူတယ်။ တွေ့ဆုံဆွေးနွေးရေးပွဲ လုပ်ခြင်းဖြင့် ပိုပြီးတော့ရှင်းဖို့လွယ်သွားမယ်။ လွှတ်တော်ဆိုတဲ့အနေအထားကျတော့ တောင်းဆိုမှုသက်သက်လို အနေအထားမျိုးမှာရှိတယ်လို့ ပြောလို့ရတယ်။* ♦

# နအဖ ၏ မှိုင်းဝါး အနာဂတ်

နအဖ က ဧပြီ (၂၈)ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးအဖွဲ့အားလုံးကို နေရာခွဲတွေ့ဆုံပြီး ၂၀၁၀ မတိုင်မီ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ညွှန်ကြားခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့တဖွဲ့လျှင် အင်အား (၃၂၆)ဦး အနက် နအဖစစ်သား ၃၀ ပါဝင်မည်ဖြစ်သည်။ နအဖစစ်သားများက အဓိကကျသည့် အုပ်ချုပ်ရေးအရာရှိဗိုလ်မှူး ၁၊ တပ်ရေးဗိုလ်ကြီး ၁၊ တပ်ထောက်ဗိုလ်ကြီး ၁၊ ရုံးအုပ်ဒုအရာခံဗိုလ် ၁၊ တပ်ထောက် ဒုအရာခံဗိုလ် ၁၊ ဆေးမှူး MA ၁ နေရာများ ရယူမည်ဖြစ်သည်။ တပ်မှူးမှာ ငြိမ်းအဖွဲ့မှဖြစ်သော်လည်း ဗိုလ်မှူးရာထူးသာရမည်ဖြစ်သည်။ နယ်ခြားစောင့်တပ်ဖြစ်မည့် ငြိမ်းအဖွဲ့စစ်သားအားလုံး နအဖစစ်သင်တန်း မဖြစ်မနေတက်ရောက်ရမည်ဖြစ်ပြီး အသက် ၄၅ နှစ်အထက် ငြိမ်းတပ်ဖွဲ့ဝင်အားလုံး တပ်မှထွက်ရမည်ဟု သတ်မှတ်ထားသည်။ ထို့ပြင် အင်အားကြီးအဖွဲ့များဖြစ်သည့် ဝ၊ ကိုးကန့်၊ ကချင်၊ အထူး ၄ စသည့်အဖွဲ့များမှာ အင်အား ၃၀၀၀ ခန့်အထိလျှော့ချပြီး နယ်ခြားစောင့်တပ်ရင်း ၁၀ ရင်းသာ ဖွဲ့ခွင့်ရမည် ဖြစ်သည်။ ဤအစီအစဉ်ကို မူလက ဇွန်လကုန်တွင် စတင်အကောင်အထည်ဖော်ရန် နအဖက

(စာမျက်နှာ ၁၁ သို့)



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

# အသွင်ကူးပြောင်းရေး လုပ်ငန်း စီမံချက်



မြန်မာပြည်ဒီမိုကရေစီနှင့် တိုင်းရင်းသားလူပ်ရှားမှုတခုလုံး၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစီမံချက်တရပ်ကို အမျိုးသားညွန့်ပေါင်းအစိုးရအပါအဝင် အတိုက်အခံအဖွဲ့အစည်းပေါင်းစုံမှကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာကဏ္ဍ၌ ကျွမ်းကျင်သူများ၊ မြန်မာနှင့် နိုင်ငံခြားသားပညာရှင်များက ဇန်နဝါရီလ အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်အစည်းအဝေးမှစ၍ ရေးဆွဲနေခဲ့ရာ ယခုဇွန်လအတွင်း မူကြမ်းကို အတည်ပြုချမှတ်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းပြင်ဆင်လျက်ရှိသည်။

ဤစီမံချက်ထဲတွင် အခြေခံဥပဒေပြင်ဆင်ရေး၊ ရွေးကောက်ပွဲ (ဥပဒေနှင့်စံနစ်ပြင်ဆင်ရေး)၊ စီးပွားရေးတည်ငြိမ်ရေးနှင့်ပြုပြင်ရေး (ဘဏ္ဍာ၊ လယ်ယာ၊ စက်မှု၊ ပြည်ပကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ စစ်တပ်ပိုင်စီးပွားရေး၊ ပတ်ဝန်းကျင်ရေးရာ)၊ စစ်တပ်အင်အားလျှော့ချရေးအပါအဝင် လုံခြုံရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဆင်းရဲမှုပပျောက်ရေး အပါအဝင် ဒုက္ခသည်ရေးရာ ဟူ၍ ကဏ္ဍခြောက်ရပ်ပါဝင်ပြီး ၁၉၉၀ ရွေးကောက်ပွဲကာလက အဲန်အယ်ဒီ၏မူဝါဒသဘောထားကြေညာချက်များ၊ အထူးသဖြင့် ပြေလကုန်ပိုင်းက အဲန်အယ်လ်ဒီမှချမှတ်ခဲ့သည့် ရွှေဂုံတိုင်ကြေညာချက်တို့ကို အခြေခံ၍ ရေးဆွဲထားသည်။

ယခင်တပ်ပေါင်းစု ၇ ဖွဲ့အစည်းအဝေးများတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီနှင့်တိုင်းရင်းသားလူပ်ရှားမှုတခုလုံးအနေဖြင့် အသွင်ကူးပြောင်းရေးကာလဆိုင်ရာမူဝါဒအတွက် ပြင်ဆင်ချက်များရှိသင့်သည်ဟု ယူဆဆွေးနွေးခဲ့ကြသလို နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း မြန်မာ့အတိုက်အခံဘက်တွင် တစုတစည်းတည်းဖြစ်သော မဟာဗျူဟာနှင့် အမြော်အမြင်မရှိဟု ဝေဖန်ခဲ့ကြသည်များရှိသည်။ ထို့ပြင် ၂၀၀၇ ခုစက်တင်ဘာလက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီ က အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့်တွေ့ဆုံစဉ် အတိုက်အခံဘက်မှ လမ်းပြမြေပုံ၊ အခြေခံဥပဒေနှင့် အသွင်ကူးပြောင်းရေးအစီအစဉ်များကို မသိရှိရသဖြင့် နအဖစစ်အစိုးရထုတ်ပြန်ထားသည့် အစီအစဉ်များကိုသာ ကိုင်စွဲကိုးကားနေရခြင်းဖြစ်ပြီး မြန်မာ့အတိုက်အခံအင်အားစုများဘက်မှ ပြည့်စုံကျယ်ပြန့်သည့်အစီအစဉ်များရှိပါက ကုလသမဂ္ဂဖြစ်စဉ်ကို အထောက်အကူပြုရာရောက်မည်ဟု တိုက်တွန်းခဲ့သည်။ ဤနောက်ခံအကြောင်းများကြောင့် ယခုလို အသွင်ကူးပြောင်းရေးကာလဆိုင်ရာ လုပ်ငန်းစီမံချက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဤစီမံချက်၏ ဦးတည်ချက်သုံးရပ်မှာ --

☐ မြန်မာပြည်ဒီမိုကရေစီနှင့်တိုင်းရင်းသားလူပ်ရှားမှုတခုလုံး၌ လက်တွေ့ကျ၍ အားလုံးက လက်ခံနိုင်မည့် အမြင်သဘောထားများစုစည်းပြင်ဆင်ထားပြီးဖြစ်ကြောင်း ကမ္ဘာသိ အတိအလင်းထုတ်ဖော်ပြောဆိုနိုင်ခြင်းအားဖြင့် မြန်မာပြည်ဒီမိုကရေစီနှင့် တိုင်းရင်းသားလူပ်ရှားမှု၏ ညီညွတ်မှုနှင့်ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် ပြသမြှင့်တင်ရန်၊

☐ ဤသို့ ပျော့ပြောင်း၍ လက်တွေ့ကျသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာအမြင်များကို နိုင်ငံတကာမိသားစုက လက်ခံကြိုဆိုပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတကာ၏ဖိအားများကို ယခုထက်ပိုမိုမြှင့်တင်သွားမည့် အခြေခံတခုဖြစ်စေရန်၊

☐ ၂၀၁၀ မတိုင်မီနှင့် ၂၀၁၀ နောက်ပိုင်း ဆက်လက်တိုက်ပွဲဝင်ကြရာတွင် ဒီမိုကရေစီနှင့် တိုင်းရင်းသားလူပ်ရှားမှု၏ မြန်မာပြည်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အခြေခံနိုင်ငံရေးကြေညာစာတမ်းအဖြစ် ဆက်လက်ကိုင်စွဲ တိုက်ပွဲဝင်သွားနိုင်ရန် တို့ဖြစ်သည်။

မြန်မာပြည်ဒီမိုကရေစီနှင့် တိုင်းရင်းသားလူပ်ရှားမှုတခုလုံး၏ မြန်မာပြည်အသွင်ကူးပြောင်းရေးဆိုင်ရာ ရပ်တည်ချက်သဘောထားများအဖြစ် အတည်ပြုပြီးက ကမ္ဘာသိထုတ်ပြန်ကြေညာပြီး လက်ရှိ နအဖစစ်အုပ်စုမှ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပေါ် ထိုးနှက်နေမှုကို တန်ပြန်ရာ၌ မြန်မာနိုင်ငံဒီမိုကရေစီနှင့် တိုင်းရင်းသားလူပ်ရှားမှု၏ သံတမန်ရေးနှင့် နိုင်ငံရေး လက်နက်တခု ဖြစ်စေနိုင်ရန်လည်း မျှော်မှန်းထားသည်ဟု အမျိုးသားညွန့်ပေါင်းအစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဘိုလှတင့်ကဆိုသည်။

ဦးဘိုလှတင့်။ ။*အခြေခံကတော့ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်မှာ ပါဝင်သင့်တဲ့ အဖွဲ့စည်းတိုင်း၊ ပုဂ္ဂိုလ်တိုင်း ပါဝင်ပတ်သက်နိုင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ်ပေါ်ရေးကိုဦးတည်တဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ဦးတည်ချက် (၂)ရပ်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ပထမအချက်ကတော့ နိုင်ငံတကာရဲ့အမြင်မှာ ကျနော်တို့လူပ်ရှားမှုဟာ နအဖကိုဘဲ အပြစ်တင်နေတယ်၊ နအဖရဲ့လုပ်ပုံကိုင်ပုံတွေ၊ သူတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ သူတို့ရဲ့လုပ်ငန်းစဉ်တွေအားလုံးကို ကျနော်တို့ကဆန့်ကျင်နေကြတယ်၊ ကျနော်တို့မှာတော့ကာ ပိုကောင်းပြီးတော့ ပိုပြီးလက်တွေ့ကျတဲ့အမြင်တွေနဲ့ မဟာဗျူဟာ လုပ်ငန်းစီမံချက်တွေ မရှိဘူးဆိုတဲ့ အမြင် မှားယွင်းတာကို သက်သေပြနိုင်ဖို့အတွက် ကျနော်တို့က အင်အားစုတခုလုံးကိုယ်စား ကြိုးစားပြချင်တာ။*

*ဒုတိယတချက်က ကျနော်တို့ယုံကြည်တာက နအဖ အခုလုပ်နေတာက အသစ်အဆန်းတော့ မဟုတ်ပါဘူး။ ၁၉၇၄ တုန်းကလဲ စစ်တပ်ကဦးဆောင်တဲ့ တိုင်းပြည်ကို အခြေခံဥပဒေမရှိဘဲနဲ့ ၁၉၆၂ ကနေ (၁၂)နှစ်လောက် အုပ်ချုပ်တယ်၊ ၇၄ ခုနှစ်လောက်ကျတော့ မဆလ ပါတီဆိုပြီးတော့လုပ်တယ်။ ကွာဟချက်တခုကတော့ အရင်တုန်းက တပါတီအာဏာရှင်စနစ်ကိုဦးတည်တဲ့ အခြေခံဥပဒေဖြစ်တယ်။ အခုကတော့ နအဖ အပြောအရ ပါတီစုံ ဘာညာပေါ့။ ပြောချင်တာက ဖြစ်ပေါ်လာတဲ့ အခြေခံဥပဒေဟာ နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှ ပါဝင်ပတ်သက်ခွင့်ရှိရေး အာမခံချက်ရှိရေး၊ နိုင်ငံသားတဦးချင်းစီရဲ့ အခြေခံလူ့အခွင့်အရေးတွေနဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို လူတန်းစားမရွေး လူမျိုးမရွေး ခံယူပိုင်ခွင့်ရှိရေးဆိုတဲ့အချက်တွေ၊ နောက်စီးပွားရေးအရ ချမ်းသာမှုကို ဖြန့်ဝေတဲ့အခါမှာ မညီမျှတာတွေကို မဖြေရှင်းနိုင်ရင် ဘယ်လိုအခြေခံဥပဒေမျိုးဘဲဖြစ်ဖြစ် မယုံကြည်ပါဘူး။*

*ကျနော်တို့ယုံကြည်တာက တိုင်းပြည်မှာ အဓိကအားဖြင့် အကျပ်အတည်းကြီး (၃)ခုရှိတယ်။ ပထမကတော့ အခြေခံဥပဒေဆိုင်ရာ ဒါမှမဟုတ် နိုင်ငံရေးဆိုင်ရာပဋိပက္ခတွေ ရှိနေတယ်။ ဒုတိယကတော့ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ ဆင်းရဲငတ်မွတ်မှုပြဿနာတွေနဲ့ စီးပွားရေးအကျပ်အတည်းပေါ့။ နောက်ဆုံးကတော့ လူသားချင်းစာနာမှုဆိုင်ရာပြဿနာတွေ၊ အထူးသဖြင့်တော့ ၂၀၀၇ ခုနှစ် နာဂစ်အပြီးမှာ ပိုပြီးဆိုးလာတဲ့အနေအထားတွေပေါ့။ ဒီ(၃)ခုလုံးကို တပြိုင်နက်တည်းဖြေရှင်းပေးနိုင်မယ့်စီမံချက်မျိုး တိုင်းပြည်မှာ ရှိဖို့လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီ(၃)ခုလုံးကိုခြုံငုံပြီး ပြေလည်စေမယ့်အခန်းကဏ္ဍ (၆)ခုခွဲပါတယ်။ အဲဒီ(၆)ခုကိုဘဲ ကျနော်တို့က ပညာရှင်တွေနဲ့ သက်ဆိုင်ရာကဏ္ဍကျွမ်းကျင်သူတွေနဲ့ ညှိနှိုင်းပြီးတော့ ပြင်ဆင်ပေးထားတာဘဲ ဖြစ်ပါတယ်။* ♦

နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံအတွင်း၌ (၁၃)နှစ်တိုင်တိုင် အကျယ်ချုပ်ကျခံခဲ့ရပြီးဖြစ်ကာ ယခုအပတ်ထဲတွင် မြန်မာစစ်အုပ်စုက သူမအိမ်ဝင်းထဲ ညှော့သည်တဦး လက်ခံမှု ဟူသော အမှုဆင်လုံးဖြင့် သူမ၏အချုပ်နှောင်ခံဘဝကို နောက်ထပ်ငါးနှစ်တိုးမည့်အလားအလာ ရှိနေပါသည်။

ကျနော်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးစုံစမ်းရေးသမားအဖြစ် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားမြန်မာ့နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကိုလွှတ်ပေးရန် မြန်မာစစ်အစိုးရကို ထပ်တလဲလဲတောင်းဆိုခဲ့သော်လည်း အကျိုးမထူးခဲ့ပါ။ နိုင်ငံတွင်း ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ် ရှေ့တိုးတက်ရန်အတွက် သူမကို ချက်ချင်းလွှတ်ပေးဖို့ လုံးဝမဖြစ်မနေလိုအပ်ပါသည်။

လွန်ခဲ့သည့်နှစ်နှစ်ဆယ်အတွင်း ဒေါ်အောင်ဆန်းစုကြည်မှာ နိုင်ငံတကာ့အာရုံစိုက်မှုကို ထိုက်တန်စွာဖြင့် ကြီးကြီးမားမားရရှိခဲ့သော်လည်း နိုင်ငံ့လူဦးရေ၏သုံးပုံတပုံမကရှိသော မြန်မာ့တိုင်းရင်းသားလူနည်းစုများမှာမူ နိုင်ငံတကာမှ အုတ်အော်သောင်းနင်းအရေးဆိုမခံရဘဲ ဒုက္ခသုက္ခခံစားနေကြရပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ် အောင်မြင်နိုင်ရန်အတွက် လူနည်းစုများ၏ဘေးဒုက္ခကိုလည်း ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပါသည်။

လွန်ခဲ့သော (၁၅)နှစ်အတွင်း မြန်မာစစ်တပ်က တိုင်းရင်းသားလူမျိုးစုများကို ချိုးနှိမ်ရန် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆင်လှုပ်ရှားခဲ့ရာတွင် ကျေးရွာပေါင်း ၃၃၀၀ ကျော်ကိုဖျက်ဆီးပစ်ခဲ့သည်။ မြန်မာစစ်သားတို့သည် မကြာခဏပင် ကလေးစစ်သားများ ဇွတ်အတင်းကောက်ယူခြင်း၊ အရပ်သားများကို မိုင်းရှင်းကရိယာအဖြစ်အသုံးပြုခြင်း၊ ထောင်နှင့်ချီသော ရွာသားများကို အဓမ္မလုပ်အားပေးခိုင်းစေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဥပဒေလွှမ်းထင်ရာစိုးခွင့်ပြုသည့် တရားဝင်ပေါ်လစီကြောင့် စစ်သားများ မုဒိမ်းကျင့် လုယက်ခွင့်ရကြသည်။ ဖြစ်ရပ်တခုတွင် ၂၀၀၈ ခု ဒီဇင်ဘာလက မြန်မာစစ်သားတဦးသည် နိုင်ငံအရှေ့ပိုင်းရှိ တိုင်းရင်းသားကရင်ကျေးရွာတရွာသို့ ဝင်ရောက်လာပြီး (၇)နှစ်အရွယ်မိန်းကလေးတဦးကို ဆွဲခေါ်မုဒိမ်းကျင့်ပြီး သတ်ပစ်ခဲ့သည်။ အာဏာပိုင်တို့က ၎င်းစစ်သားကို ဖမ်းဆီးအရေးယူဖို့ ငြင်းဆန်ခဲ့ကာ မိန်းကလေးမိဘများကို နှုတ်ပိတ်ခငွေယူပြီး တိတ်တိတ်မနေပါက အပြစ်ပေးမည်ဟုသာ ခြိမ်းခြောက်ခဲ့သည်။




၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်၌ ငါးနှစ်တာကာလအတွင်း စနစ်တကျမုဒိမ်းကျင့်ခံခဲ့ရသည့် အမျိုးသမီး ၆၂၅ ဦးအကြောင်း အစီရင်ခံစာတစောင်ကို ကျနော်လက်ခံရရှိခဲ့ပါသည်။ သို့ရာတွင် အောင်မြင်စွာတရားစွဲဆို ပြစ်ဒဏ်ချနိုင်သည့်အမှု တခုမှမရှိခဲ့ပါ။

ကျနော်သည် စစ်တပ်၏ မြောက်မြားလှစွာသော မတရားမှုများကို အစီရင်ခံစာများတွင် မှတ်တမ်းတင်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ကုလ လူ့အခွင့်အရေးကော်မရှင်သို့ ထပ်ခါထပ်ခါတင်ပြခဲ့ပါသည်။ ကျနော်၏လုပ်ဆောင်ချက်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံတွင်းအားထုတ်မှုများအနက် နမူနာတခုသာဖြစ်ပါသည်။ ၁၉၉၀ ခုနောက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးရေးအထောက်အကူပြုရန်နှင့် လူ့အခွင့်အရေးများမြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ကုလကိုယ်စားလှယ်များ မြန်မာပြည်သို့ ၃၇ ကြိမ်သွားရောက်ခဲ့ကြပါသည်။

၎င်းတို့သည် ပြည်တွင်းဆေးညွှန်းများနှင့် သံတမန်နည်းဆေးညွှန်းများ အားလုံးကုန်အောင် သုံးစွဲခဲ့ကြသော်လည်း မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အထမမြောက်ခဲ့ပါ။ ကုလ အထွေထွေညီလာခံနှင့် ကုလ လူ့အခွင့်အရေးကောင်စီတို့က မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်ပေါင်း ၃၅ ခုကိုချမှတ်ခဲ့သော်လည်း ကုလ လုံခြုံရေးကောင်စီကမူ ဆုံးဖြတ်ချက်တခုကိုပင် မချခဲ့သေး။ လုံခြုံရေးကောင်စီက ကျနော်တို့၏ အီထိုင်းနေသော အားထုတ်မှုများကို တိုက်ရိုက်မကိုင်တွယ်မချင်း ကုလသမဂ္ဂကြီးသည် အောင်မြင်မှုရလိမ့်မည်မဟုတ်ပါ။

မြန်မာပြည်တွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလိမ့်မည်ဆိုသည်မှာ သေချာလှပါသည်။ အလားတူပင် တိုင်းပြည်တွင်းမှ တရားရေးစနစ်သည် တိုင်းရင်းသား လူနည်းစုများအပေါ် ရာဇဝတ်မှုများကျူးလွန်နေသူတို့ကို အပြစ်ပေးမည် မဟုတ်သည်မှာလည်း သေချာထင်ရှားနေပါသည်။

ကုလသမဂ္ဂအနေဖြင့် နောက်ထပ်လုပ်သင့်လုပ်ထိုက်သည့်ခြေလှမ်းကို လှမ်းဖို့အချိန် ကျရောက်လာပါပြီ။ ယင်းခြေလှမ်းမှာ မြန်မာနိုင်ငံမှ လူသားမျိုးနွယ်ဆန့်ကျင်ရေးရာဇဝတ်မှုများနှင့် ဥပဒေလွှမ်းထင်ရာစိုးမှုကို စုံစမ်းစစ်ဆေးမည့် စုံစမ်းရေးကော်မရှင်တရပ်ကို လုံခြုံရေးကောင်စီက တည်ထောင်ပေးရန် ဖြစ်ပါသည်။ လုံခြုံရေးကောင်စီသည် ရဝမ်ဒါ၊ ဘော့စနီးယား၊ ဒါဖာတို့တွင် အလားတူခြေလှမ်းများ လှမ်းခဲ့ပါသည်။ မြန်မာနိုင်ငံအနေအထားမှာလည်း အလားတူ သရေးရှင်ရေးအခြေ ဆိုက်နေပြီဖြစ်ပါသည်။

စုံစမ်းရေးကော်မရှင် ဖွဲ့စည်းခြင်းသည် အရေးကြီးသည့်ရည်မှန်းချက်သုံးခုကို ဖြစ်မြောက်စေပါလိမ့်မည်။

ပထမအချက်၊ ယင်းကော်မရှင်က နိုင်ငံတကာတရားရုံးက တရားစွဲဆိုနိုင်စရာ စစ်အုပ်စု၏ရာဇဝတ်မှုများအတွက် စစ်အုပ်စုကို တာဝန်ယူရစေလိမ့်မည်။ ဒုတိယအချက်၊ ကော်မရှင်ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံတွင် အနှံ့အပြားဖြစ်နေသည့် ဥပဒေလွှမ်းထင်ရာစိုးမှု Impunity ဓလေ့ကို ကိုင်တွယ်လိမ့်မည်။ တတိယအားဖြင့် ယင်းကော်မရှင်သည် မြန်မာနိုင်ငံတွင် အနာဂတ်၌ လူသားမျိုးနွယ်ဆန့်ကျင်ရေးရာဇဝတ်မှုများ မပေါ်ပေါက်အောင် ဟန့်တားနိုင်စရာရှိသည်။

> *"ကျနော်တို့၏သံတမန်ရေး ကြိုးပမ်းချက်များ အချည်းနှီးဖြစ်နေချိန်တွင် မြန်မာတိုင်းရင်းသား လူနည်းစုများမှာမူ ဆယ်စုနှစ် နှစ်စုတိုင်အောင် ဒုက္ခခံစားနေခဲ့ကြပါသည်။ သို့ဖြစ်၍ လုံခြုံရေးကောင်စီမှ လှုပ်ရှားအရေးယူဖို့အချိန် ကျရောက်လာပြီ ဖြစ်ပါကြောင်း။"*

*နယူးယောက်တိုင်းမ်သတင်းစာ ၂၈ မေ ၂၀၀၉*

♦♦♦

# QUOTATIONS "" ညွှန်းဆိုကိုးကားသူတို့စကား

*"ငါဆင်တဲ့အကွက်တော့ ဝင်သွားပြီ"* ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ဒေါ်အောင်ဆန်းစုကြည်မှ လူစိမ်းလက်ခံမှုကို တရားရုံးတင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ ပြောဆိုချက်)

*"ဒေါ်အောင်ဆန်းစုကြည်အမှုကိစ္စဟာ ဥပဒေရေးရာသာဖြစ်ပြီး လူ့အခွင့်အရေးကိစ္စမဟုတ်ပါဘူး။ နိုင်ငံတကာအသိုက်အဝန်းဟာ ဒေါ်အောင်ဆန်းစုကြည်အမှုကိုဘဲ အကြီးအကျယ် စိတ်ဝင်တစားဖြစ်နေကြတာ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရေးမူကို မစောင့်ထိန်းကြဘူး။... မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ အလွန်အရေးပါတဲ့အဆင့်ကို ရောက်နေပြီး လူပုဂ္ဂိုလ်တဦးတယောက်ကြောင့် ဒီလုပ်ငန်းစဉ်ကို အနှောင့်အယှက်အဖြစ်မခံနိုင်ပါဘူး။"*

နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း

*"ရုက်စရာကောင်းလိုက်တဲ့အဖြစ်၊ အခုလိုလုပ်တာ လူတွေဘယ်လောက်တောင် အကြည်ညိုမဲ့မလဲ။ ဒါအမှားကြီးတခုဘဲ ဆိုတာတောင် မစဉ်းစားနိုင်ဘူး။... တပ်မတော်သားဘဝတလျှောက်လုံးမှာ ပြည်သူတွေချစ်တာကိုဘဲ လိုချင်ခဲ့တယ်။ ခုတော့ လူတွေက စစ်သားဆိုရင် ရွံမုန်းကြီးဖြစ်နေကြပြီ။ ဒါဟာ နောင်လာနောက်သားတွေအတွက် မကောင်းသလို၊ တိုင်းပြည်အတွက်လဲ မကောင်းပါဘူး။"*

အသက် ၆၆ နှစ် အရွယ် ဒုဝန်ကြီးဟောင်း ဒုဗိုလ်မှူးကြီးဟောင်းတဦး (ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲမှုနှင့်ပတ်သက်၍ ဝေဖန်ချက်)

*"ကျနော်တို့ခေါင်းဆောင်တယောက် အခုလိုဖြစ်နေတယ်ဆိုတာ မခံမရပ်နိုင်လို့ ဘာမှမတတ်နိုင်ပေမဲ့ အားပေးတဲ့အနေနဲ့ ဒီအထိအောင်လာတာ။ နောက်ပြီး ဒီနားမှာ နေ့တိုင်း ဦးဝင်းတင်ထိုင်နေတာ ကြားနေလို့။ စလောင်းတို့ ဘာတို့မှာလဲတွေ့နေတော့ မနေတတ်လို့လေ။ ကျနော် ဒီနေ့လာတာပါ။ ကျနော့်ဆန္ဒ ပြချင်လို့ပါ။"*

ယူအဲန်အေခေါင်းဆောင် ချင်းတိုင်းရင်းသားခေါင်းဆောင် ပူကျင့်ရှင်းထန် (ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် အားပေးပုံ)

*"ဒေါ်သဖြစ်ရုံနဲ့ ပြီးမလား။ ကျနော်တော့ မပြီးပါနဲ့လို့ လူထုကိုလဲ ပြောချင်တယ်၊ ကမ္ဘာကိုလဲ ပြောချင်ပါတယ်။... တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကတော့ ပိတ်သွားပြီ။... ကျနော်တို့ သည်းခံမယ်၊ ဒီမိုကရေစီရေးနဲ့ ပတ်သက်လာရင် ကျနော်တို့ သည်းညည်းခံပြီးလုပ်မယ်။ သို့သော် မတရားတဲ့ဟာတွေ လုပ်ငန်းအကြီးတွေလုပ်လာရင်တော့ ကျနော်တို့ ခေါင်းငုံ့မခံဘူးလို့ပြောတယ်။ ဒါရှင်းရှင်းလေးဘဲ။"*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဦးဝင်းတင် (ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် သဘောထား)

*"ကျုပ်တို့မရှုံးဘူး၊ မနိုင်သေးတာ။"* အဲန်အယ်လ်ဒီခေါင်းဆောင် စာရေးဆရာမောင်သော်က (၁၉၉၀ က အင်းစိန် ထောင်တွင်း မကျဆုံးမီပြောကြားချက်)

*"တချို့ဥပဒေအရာရှိတွေ တချို့တရားသူကြီးတွေ ထောင်တွေကျတယ်၊ လာဘ်ပေးလာဘ်ယူနဲ့ လာဘ်စားမှုတွေနဲ့ အရေးယူခံရတာရှိတယ်။ တကယ့်အကျင့်စာရိတ္တ ဖောက်ဖျက်တဲ့ ရှေ့နေတွေရှိတယ်။ အဲဒီလူတွေ ထောင်တွေကျတယ်၊ သူတို့ထောင်ကထွက်လာတော့ သူတို့အမှုတွေလိုက်နေကြတာ တွေ့တာဘဲ။ အဲဒီတော့ သူတို့လူတော့ ဒီလို အကျင့်စာရိတ္တပျက်ယွင်းတဲ့သူတွေတောင်မှ အမှုလိုက်ပါဆောင်ရွက်ခွင့်တွေ သူတို့ပေးခဲ့တယ်။ ရှေ့နေရဲ့လိုင်စင်တွေကို သူတို့မသိမ်းခဲ့ဘူး။"*

ရှေ့နေ ဦးအောင်သိန်း (ဒေါ်အောင်ဆန်းစုကြည်အမှုလိုက်ရန်ပြင်ဆင်စဉ် ရှေ့နေလိုင်စင်ရုပ်သိမ်းခံရမှုအပေါ် ဝေဖန်ချက်)

*"ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့အဖေ ဗိုလ်ချုပ်အောင်ဆန်းလိုဘဲ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေးကို လေးလေးနက်နက်ထားတယ်။ ဒီဒေါ်အောင်ဆန်းစုကြည်ကို တိုင်းရင်းသားတွေက တကယ်ရိုသေလေးစား၊ အသိအမှတ်ပြုတယ်။ တကယ့်ကို ခေါင်းဆောင်အနေနဲ့ အသိအမှတ်ပြုထားတယ်။ ကျနော်တို့တိုင်းရင်းသားတွေ အဓိက ဘာလုပ်ရမလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့၊ နောက်တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်ဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ဖို့ ဆိုတဲ့အချက်အပေါ်မှာ အလေးအနက်ထောက်ခံတယ်။"* ခွန်းမားရ်ကိုဘန် (အမျိုးသားညွန့်ပေါင်းအစိုးရ ဖယ်ဒရယ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး)

*"ယခု နအဖ ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဗမာတွေကိုရော ဗမာမဟုတ်တဲ့တိုင်းရင်းသားတွေကိုပါ စနစ်တကျလိမ်ထားတဲ့ဖွဲ့စည်းပုံ ဖြစ်ပါတယ်။ လိမ်ထားမှန်းသိသိကြီးနှင့် အခုအချိန်မှာ အလိမ်ခံဖို့ ခပ်ကွင်းပြင်နေကြသူတွေ အမြောက်အမြားရှိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကတော့ သာမန်ပြည်သူလူထုတွေမဟုတ်ဘဲ အနည်းဆုံးအားဖြင့် ဒေသဆိုင်ရာတွေမှာ ခေါင်းဆောင်အဆင့်ရှိသူတွေဖြစ်တယ်။ ဒီပုဂ္ဂိုလ်တွေထဲမှာ ဗမာတွေလဲပါရုံသာမက ဗမာမဟုတ်တဲ့တိုင်းရင်းသားတွေလဲပါပါတယ်။"*

မြန်မာနိုင်ငံရှေ့နေများကောင်စီအတွင်းရေးမှူး ဦးအောင်ထူး

*"ဗမာပြည်အနာဂတ်အတွက် သင့်တော်တဲ့လမ်းပြမြေပုံ မရှိသေးဘူး။... ကျုပ်တို့တိုင်းရင်းသားတွေက ဖက်ဒရယ်ပြည်ထောင်စုအတွက် ကြိုးစားနေကြတာ။"*

ကေအိုင်အေ ငြိမ်းအဖွဲ့ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂမ်ရှောင်

*"ကျနော်တို့မူကတော့ ရှိပါတယ်။ အလံနှစ်ခုကိုင်ထားတယ်။ နံပါတ် ၁၊ ငြိမ်းချမ်းရေးအလံကို ကျနော်တို့ ကိုင်ထားမယ်။ နံပါတ် ၂၊ မိမိ ဝ ပြည်နယ်ကိုကာကွယ်ဖို့ ကျနော်တို့တပ်မတော်ရှိတယ်။... ကျနော်တို့ပြည်နယ် ကျနော်တို့ကာကွယ်မယ်။ သူများကို ကျူးကျော်ရန်စမှာ မဟုတ်ဘူး။ လာရန်စတဲ့လူမှန်သမျှ ကျနော်တို့က ရှုပ်ရှုပ်ချုံချုံတိုက်ထုတ် ကာကွယ်သွားမယ်။"*

ဝ တပ်မှူးတဦး

*"ဗီယက်နမ်၊ တရုတ်အစိုးရတွေက စီးပွားရေးသမားလုပ်ငန်းအကျိုးကို အသိအမှတ်ပြုလေ့ရှိကြတယ်။ ဗမာပြည် ကတော့ အဲသလိုမဟုတ်ဘူး။ ဥပမာဆောင်ပြရရင် ဗမာအစိုးရဟာ စီးပွားရေးကိုယ်ထည်ကြီးပေါ် သွေးစုတ်မှီခိုနေတဲ့ ကပ်ပါးကောင်မျိုးနဲ့မတူဘဲ သောင်းကျန်းလုယက်ယူတဲ့ဓားပြနဲ့ ပိုတူတယ်။"*

ရှောင်တန်းနဲလ် (ဩစတြေးလျ မက်ကွာရီတက္ကသိုလ် စီးပွားရေးပါမောက္ခ)

*"စာသင်ကျောင်းလေးတွေလဲ ပျက်စီးတာ ပြန်ဆောက်နိုင်တာက ကျောင်းပေါင်း ၃၀ ဘဲရှိတယ်။ တခြားအဖွဲ့အစည်းတွေကလဲ တကျောင်းဆောက်၊ တကျောင်းဆောက်တော့ ရှိတာပေါ့။ နိုင်ငံတော်အစိုးရကလဲဘဲ ပြန်ဆောက်ထားတာရှိတာပေါ့။ သို့သော် ရောဝတီကို မကြာမကြာ ငါရောက်တယ်။ ကြည့်လိုက်လို့ရှိရင် မလုပ်ရသေးတာဘဲ ပိုများတယ်။ လုပ်ပြီးသွားတာက နည်းနည်းဘဲရှိတယ်။"*

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (နာဂစ်မုန်တိုင်းသင့်ဒေသများ တနှစ်ပြည့်ကာလအခြေအနေ ပြောပြချက်)

# ဗုံးတောက် ဗုံးလျှံ များ

- ၂၀၀၈ မေလ ဆန္ဒခံယူပွဲတွင် ဝ ပြည်မြို့တော် ပန်ဆန်းနယ်မြေ၌ မဲဆန္ဒရှင် ၃၈၀၀၀ ရှိသည့်အနက် နအဖ အခြေခံဥပဒေကို ကန့်ကွက်မဲ ၅၅ ရာခိုင်နှုန်း၊ ထောက်ခံမဲ ၃၅ ရာခိုင်နှုန်းနှင့် မဲမပေးသူ ၁၁ ရာခိုင်နှုန်းရှိခဲ့သည်။
- မြန်မာနိုင်ငံသို့ စစ်ပစ္စည်းများရောင်းချ ထောက်ပံ့ပေးနေသည့် တရုတ်နိုင်ငံ ဒေါင်ဖန်းကုမ္ပဏီတွင် နော်ဝေးစီးပွားရေးများ ရင်းနှီးမြှုပ်နှံခြင်းမပြုလုပ်ရန် နော်ဝေးအစိုးရက မတ် (၁၃)ရက်၌ ပိတ်ပင်လိုက်သည်။
- ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ ၂၀၀၉ ပထမ လေးလပတ်တိုက်ပွဲစာရင်းချုပ်အရ နအဖတပ်နှင့် တိုက်ပွဲပေါင်း ၃၉၅ ပွဲဖြစ်ခဲ့ရာတွင် နအဖဗိုလ်မှူး ၂၊ ဗိုလ်ကြီး ၅၊ ဗိုလ် ၃၊ ဒုဗိုလ် ၃ အပါအဝင် ရန်သူ ၂၃၇ ဦးသေပြီး ဒုဗိုလ်မှူးကြီး ၁၊ ဗိုလ်မှူး ၂၊ ဗိုလ်ကြီး ၁၊ ဗိုလ် ၁၊ ဒုဗိုလ် ၂ အပါအဝင် ရန်သူ ၄၈၂ ဦးဒဏ်ရာရခဲ့သည်။ ရန်သူ့ထံမှ လက်နက်မျိုးစုံ ၁၉ လက်သိမ်းပိုက်ရရှိပြီး မိမိဘက်မှ ၇ ဦးကျဆုံး၊ ၉ ဦးဒဏ်ရာရခဲ့သည်။
- မေ (၃)ရက်က ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဘန်းယဉ်မြို့အရှေ့ဘက် ဆောဆားရွာအနီးတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ဖွဲ့တဖွဲ့က နအဖတပ် ခမရ ၄၂၆ မှ ဒုရင်းမှူး ဗိုလ်မှူးမျိုးဝင်းထွန်းဦးစီးစစ်ကြောင်းကို ခြုံခိုတိုက်ခိုက်ခဲ့ရာ ဒုရင်းမှူးအပါအဝင် နအဖစစ်သား (၁၂)ဦးစလုံးသေပြီး ပစ္စတို ၂ လက်၊ အမ်အေ မောင်းပြန်သေနတ် ၈ လက်၊ အာရ်ပီဂျီ ၁ လက်၊ စက်လတ် ၁ လက်၊ ၆၀ မမ မော်တာ ၁ လက်၊ စုစုပေါင်း လက်နက်မျိုးစုံ (၁၃)လက်နှင့် ဆက်သွယ်ရေးစက် (၃)လုံး သိမ်းပိုက်ရရှိခဲ့သည်။
- မေ (၄)ရက်ညက မကွေးတိုင်း ရေစကြိုမြို့နယ်ရှိ ခလရ ၂၅၆ ၏လက်နက်တိုက် ဖောက်ထွင်းခံရပြီး အနည်းဆုံး လက်နက် (၅)လက်နှင့် ကျည်ဆံ(၁၀၀၀) ပျောက်ဆုံးသွားသည်။ ဤကိစ္စနှင့်ပတ်သက်၍ မသင်္ကာသည့် အရာရှိအရာခံအကြပ်တပ်သား (၂၀)ကျော်ကို ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်စစ်ဆေးနေရာ မကျေနပ်သည့်တပ်မိသားစုဝင် (၃၀)ခန့်က ဖမ်းထားသူများပြန်လွှတ်ပေးရန် မေ (၁၁)ရက်၌ တောင်းဆိုဆန္ဒပြခဲ့ကြသည်။
- မေ (၁၁)ရက်နေ့လည်က ကရင်ပြည် တောင်ငူခရိုင်တွင် ဘိုဆာခီးစခန်းမှပြန်လာသော နအဖယဉ်တန်းနှင့် ကေအဲန်ယူ တပ်မဟာ ၂ တိုက်ပွဲဖြစ်ပွားရာ စကခ ၅ တပ်မမှူး ဗိုလ်မှူးချုပ်ကောင်းမြတ်နှင့် နအဖစစ်သား ၅ ဦးသေပြီး ၇ ဦး ဒဏ်ရာရသွားသည်။ ညနေပိုင်းတွင် အဆိုပါယဉ်တန်း ဘောဂလိကြီးစခန်းသို့ ဝင်ရောက်ခါနီး ၁၅ မိနစ်အလို၌ တပ်မဟာ ၂ တပ်ဖွဲ့တဖွဲ့က ခြုံခိုတိုက်ခိုက်ရာ နအဖတပ်ရင်းမှူးတဦးအပါအဝင် စစ်သား ၆ ဦးသေ၊ ၁၂ ဦးဒဏ်ရာရခဲ့ပြန်သည်။
- မေ (၁၂) ရက်က ကရင်ပြည် သံတောင်မြို့နယ် လယ်ဂီခိုရွာအနီးတွင် နအဖတပ် စကခ ၅ လက်အောက်ခံ စစ်ကြောင်းတကြောင်းကို ကေအဲန်ယူ တပ်မဟာ ၂ လက်အောက်ခံ တပ်ရင်း ၅ က တိုက်ခိုက်ခဲ့ရာ နအဖဗိုလ်ကြီး ၁၊ တပ်ကြပ်ကြီး ၁၊ ဒုတပ်ကြပ် ၁ သေဆုံးပြီး အမ်အေ-၃ မောင်းပြန်သေနတ် (၂)လက်သိမ်းပိုက်ရမိခဲ့သည်။
- မေ (၁၂)ရက်ညက မန္တလေးမြို့ ဇထူးကွင်း၌ ရတနာပုံ ကြေးစားဘောလုံးအသင်းမိတ်ဆက်ပွဲနှင့် အိုင်းယင်းခရော့စ်ဂီတဝိုင်း ဖျော်ဖြေပွဲကျင်းပရာ ကွင်းအတွင်းဟန်ရေးပြနေသော လုံထိန်းနှင့်စွမ်းအားရှင်များကို ပရိသတ်က ရေသန့်ဘူးများ၊ သစ်ပိုင်းများ၊ ဝါးတန်းများဖြင့် ပစ်ပေါက်ဆဲဆိုခဲ့ကြ၍ လုံထိန်းများထွက်ပြေးသွားပြီးနောက် အချိန်စောပွဲသိမ်းပစ်ခဲ့သည်။
- မြန်မာ့ဒီမိုကရေစီအရေးထောက်ခံသည့် ဩစတြေးလျနိုင်ငံသားအချို့၏ ဖွင့်ချအရေးဆိုမှုကြောင့် နိုင်ငံတကာအဆင့်မီ ကြပ်မြေလေယာဉ်ကွင်းသစ်တည်ဆောက်ရေးတွင် ဘိန်းဘုရင်လော်စစ်ဟန်ပိုင် အေးရှားဝေါလ်ဒ်ကုမ္ပဏီနှင့် ဖက်စပ်ပါဝင်လုပ်ကိုင်နေသော ဩစတြေးလျနိုင်ငံမှ ဒေါင်းနားဆောက်လုပ်ရေးကုမ္ပဏီလက်အောက်ခံ စက်ာပူအခြေစိုက် စီပီဂျီဗိသုကာနှင့်ဒီ ဇိုင်းကုမ္ပဏီမှာ မေလဒုတိယပတ်၌ လုပ်ငန်းရပ်သိမ်းထွက်ခွာသွားရသည်။
- မေ (၂၁)ရက်မနက်က ရှမ်းပြည်နယ် လဲချားမြို့အနီးရှိ လုံခြုံရေးဂိတ်တခုကို ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့တဖွဲ့က ဝင်တိုက်ရာ နအဖတပ် ခလရ ၆၄ မှစစ်သား (၄)ဦး၊ ရဲ (၃)ဦး သေဆုံးသွားပြီး လက်နက်ခဲယမ်းများကို သိမ်းယူ၍ ဂိတ်ကိုပါ မီးရှို့သွားခဲ့သည်။
- မေ (၂၅)ရက်ညက ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် စိတ္တသုခလမ်းနေ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး ဦးသောင်းညွန့်၏နေအိမ်ခဲနှင့် ပေါက်ခံရသည်။ ဦးသောင်းညွန့်သည် ဒေါ်အောင်ဆန်းစုကြည်အမှုကို စွဲချက်တင်စီရင်နေသည့် အင်းစိန်ထောင်တွင်းအထူးတရားရုံးမှ တရားသူကြီးဖြစ်သည်။
- မေ (၂၆)ရက်က ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့က နအဖယာဉ်တန်းအား တိုက်ခိုက်ချေမှုန်းခဲ့ရာ အဖွဲ့အစည်းမှ သစ္စာဖောက်ခဲ့သည့် ဗိုလ်မှူးကြီးမိုင်းဇင့်နှင့် နအဖ စစ်ထောက်လှမ်းရေးနှစ်ယောက် သေဆုံးသွားသည်။
- မေ (၂၇)ရက်နံနက်က ဓနုအမျိုးသားကောင်စီ ဦးစီးကွပ်ကဲသည့် တပ်ဖွဲ့တဖွဲ့က မိုင်းဆတ်မြို့နယ်အတွင်း နအဖ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံမှလာသည့် စစ်ယာဉ်တန်း(၃)စီးအား တိုက်ခိုက်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ နအဖစစ်သားအားလုံးသေဆုံးပြီး လက်နက်များ သိမ်းဆည်းရမိခဲ့သည်။ နအဖစစ်တပ်မှ ဗိုလ်မှူးမင်းဇော် (ထောက်ပို့တပ် - တပ်ခွဲမှူး)၊ ဗိုလ်အဆင့်နှစ်ဦး၊ စရဖ သုံးဦးနှင့် အခြားအောက်ခြေအဆင့်များ ကျဆုံးသွားသည်။ ယင်းတော်လှန်ရေးတပ်ဖွဲ့ထဲတွင် ဓနု၊ အခါ၊ မိုင်းသာ၊ လားဟူ၊ ပအိုဝ်း၊ မောရှမ်း၊ ခွန်းရှမ်းအမျိုးသားများနှင့် ဗမာ့တပ်မတော်သားဟောင်းများ ပါဝင်ခဲ့ကြသည်။
- မေ (၂၈)ရက်နေ့လည်က တောင်ဒဂုံမြို့သစ်နေ လေတပ်ဗိုလ်ကြီးဟောင်းဇော်ညွန့်သည် အင်းစိန်ထောင်ရှေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် "အမေစု ချက်ချင်းလွှတ်" ဟု စာလုံးနီနှင့်ရေးထားသည့် အဖြူရောင်ဆိုင်းဘုတ်ကိုကိုင်ပြီး တကိုယ်တော်ဆန္ဒပြခဲ့ရာ တခဏအတွင်း ဖမ်းဆီးခံခဲ့ရသည်။
- ၂၀၀၈ နိုဝင်ဘာ မှ ၂၀၀၉ ဇွန်လဆန်းပိုင်းအထိ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့ နှင့် နအဖစစ်တပ်အကြား တိုက်ပွဲကြီးငယ် (၃၅)ကြိမ်ဖြစ်ပွားခဲ့ရာ နအဖဘက်မှ (၃၁)ယောက်သေဆုံးပြီး လက်နက်အမြောက်အမြား သိမ်းဆည်းရမိခဲ့သည်။ ♦


ကြုပ်မြေလေယာဉ်ကွင်းသစ်ပုံစံ



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

(ရှေ့ဖုံး မှ)











## ဆန္ဒဖော်ထုတ်ပွဲ

အင်းစိန်ထောင်တွင်း တရားရုံးထုတ်ချိန်မှစ၍ အဖွဲ့ချုပ်ခေါင်းဆောင် ဦးဝင်းတင်နှင့် အဖွဲ့ချုပ်ဝင်များ၊ လူငယ်များ၊ ထောက်ခံအားပေးသည့်ပြည်သူများက ရာနှင့် ထောင်နှင့်ချီ၍ အင်းစိန်ထောင်အနီးစုရုံးပြီး နေ့စဉ်ရက်ဆက် "ဆန္ဒဖော်ထုတ်"ခဲ့ကြသည်။ မေ (၁၉)ရက်တွင် လုံထိန်း (၃၀)ခန့်က ဦးဝင်းတင်ကို အကြမ်းဖက်မည့် အသွင်ဖြင့် ခြိမ်းခြောက်ခဲ့သေးသည်။ မေ (၂၂)ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်၊ မေ (၂၅)ရက်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဝင် ပူကျင်ရှင်းထန်တို့က ဦးဝင်းတင်ကို လာရောက်ပူးပေါင်းခဲ့ကြပြီး (၂၆)ရက်တွင်လည်း အားလုံးစုံညီ လာရောက်အားပေး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

## အဖြစ်မှန်

အဆိုပါ ဂျွန်ယက်တောသည် ၂၀၀၈ နိုဝင်ဘာလကလည်း သူမခြံထဲခိုးဝင်ခဲ့သဖြင့် ဒေါက်တာ တင်မျိုးဝင်းမှတဆင့် နအဖထံ သတင်းပို့တိုင်တန်းခဲ့သော်လည်း တစုံတရာအရေးယူခြင်း မရှိဘဲ ယခုနှစ်မေလတွင် မြန်မာနိုင်ငံသို့လာရောက်ရန် စစ်အစိုးရက ဗီဇာထုတ်ပေးခဲ့သည်။ ဒေါက်တာတင်မျိုးဝင်းကိုမူ မေ (၇)ရက်ညပိုင်း၌ ဖမ်းသွားပြီး မေ (၁၆)ရက်တွင် ပြန်လွှတ်ပေးခဲ့ရာ သက်သေအဖြစ်ထွက်ဆိုခြင်းမပြုရန်နှင့် မီဒီယာများနှင့် အင်တာဗျူးမပေးရန် ခံဝန်ကတိဖြင့် တားမြစ်ခဲ့သည်။

ရေကူးဝင်ရောက်လာသော ဂျွန်ယက်တောကို ဒေါ်အောင်ဆန်းစုကြည်က လက်မခံဘဲ နှင်လွှတ်ခဲ့ပြီးမှ ယက်တောက အလွန်ပင်ပန်းနေသဖြင့် ခေတ္တနားခိုခွင့်တောင်းပြီး တညတည်းခိုသွားခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် "မိမိကြောင့် အခြားမည်သူတဦးတယောက်ကိုမျှ အဖမ်းဆီးအချုပ်နှောင်ခံစေရန် တွန်းမပို့နိုင်" ဟူသော နိုင်ငံရေးခံယူချက်အရ နအဖအာဏာပိုင်တို့ထံ ချက်ချင်းမတိုင်ကြား သတင်းမပို့ခဲ့ဘဲ ပထမတခေါက်ကဲ့သို့ ဒေါက်တာတင်မျိုးဝင်းလာသည့်အခါမှ သတင်းပို့ရန် ရည်ရွယ်ခဲ့သည်။

မေ (၂၇)ရက်တွင် ယက်တောကထွက်ဆိုရာ၌ ၂၀၀၈ နိုဝင်ဘာ ၃၀ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်အိမ်မှ အပြန်လမ်းတွင် လုံခြုံရေးတပ်သားနှင့်တိုးခဲ့ပြီး မေးမြန်းလွှတ်လိုက်ကြောင်း၊ ယခုနှစ်မေ (၃)ရက်ဒုတိယအကြိမ် ဒေါ်အောင်ဆန်းစုကြည်ခြံဝင်းသို့ အလာတွင်လည်း သေနတ်ကိုင်လုံခြုံရေးတပ်သား ငါးယောက်နှင့်တိုးရာ ခဲနှင့်သာဝိုင်းပေါက်ခဲ့ကြောင်း ထုတ်ဖော်ထွက်ဆိုခဲ့သည်။ သို့ရာတွင် မည်သည့်လုံခြုံရေးအစောင့်ကိုမျှ တရားလိုပြသက်သေများအဖြစ် ခေါ်၍ မစစ်ဆေးခဲ့။

## တုန့်ပြန်ချက်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒေါ်အောင်ဆန်းစုကြည်ကိုတရားစွဲခြင်းအား ပြင်းထန်စွာကန့်ကွက်ကြောင်း မေ (၁၄)ရက်တွင် ကြေညာသည်။ ထိုနေ့မှာပင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရကလည်း နအဖ စစ်အုပ်စု၏ အကွက်ဆင်လုပ်ကြံမှုကိုရှုတ်ချကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ကုလသမဂ္ဂအနေဖြင့် အမြန်ဆုံးဝင်ရောက်ကိုင်တွယ်ပေးရန် မေ (၁၈)ရက်တွင် တောင်းဆိုလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို မေ (၂၅)ရက်၌ မေတ္တာရပ်ခံလိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း က မေ (၁၄)ရက်တွင် "အလွန်အမင်းစိုးရိမ်ပူပန်"ကြောင်းနှင့် လွှတ်ပေးသင့်ကြောင်း ပြောခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် နအဖစစ်အုပ်စုမှ ပြုမူဆက်ဆံနေပုံမှာ လက်မခံနိုင်စရာအခြေအနေဖြစ်သည်ဟု မေ (၂၁) ရက်တွင် ထပ်မံပြောဆိုလိုက်သည့်အပြင် မြန်မာနိုင်ငံသို့ အမြန်ဆုံးသွားရောက်နိုင်ရန်လည်း ပြင်ဆင်နေသည်ဟု ပြောသည်။

နိုင်ငံတကာမှ သမတဟောင်း၊ ဝန်ကြီးချုပ်ဟောင်းစသည့် နိုင်ငံခေါင်းဆောင် ၇၂ ဦးဖြင့် ဖွဲ့စည်းထားသော မက်ဒရစ်ကလပ်က မေ (၁၅)ရက်တွင် ယင်းအမှုကိုရှုတ်ချပြီး လွတ်မြောက်ရေးကို တောင်းဆိုလိုက်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟစ်လာရီကလင်တန်၊ အီးယူ ဥရောပကော်မရှင်ဥက္ကဌ ဟိုဆေးမင်နျူယယ်လ်ဘားရိုဆို နှင့် နိုင်ငံတကာ ဆိုရှယ်လစ်အဖွဲ့ကြီးတို့ကလည်း မေ (၁၅)ရက်တွင် အပြစ်တင်ရှုတ်ချခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက မေ (၁၈)ရက်တွင် ဒေါ်အောင်ဆန်းစုကြည်သို့

(တဖက်သို့)

(တဖက်စာမျက်နှာ ၁ မှ)

အိတ်ဖွင့်ပေးစာရေးကာ အားပေးလိုက်ပြီး နအဖကို ရှုတ်ချလိုက်သည်။

မေ (၁၅)ရက်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက အာဆီယံဥက္ကဌနေရာမှနေ၍ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ပြီး စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း စိတ်ပျက်ကြောင်းနှင့် လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ကနေဒါနိုင်ငံခြားရေးဝန်ကြီး ပီတာကင့်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး နာကာဆိုနေနှင့် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးတို့ကလည်း မေ ၁၄၊ ၁၅ နှင့် ၁၈ ရက်တို့တွင် စိုးရိမ်ကြောင်း အသီးသီးဖော်ပြပြီး လွှတ်ပေးရန်တောင်းဆိုခဲ့ကြသည်။ ကုလ လူ့အခွင့်အရေး မဟာမင်းကြီး နာဗီပီလေးကလည်း မေ (၁၅)ရက်တွင် ချက်ချင်းလွှတ်ပေးရန်တောင်းဆိုပြီး ဆက်လက်ဖမ်းဆီးထားမှုမှာ ဥပဒေနှင့်မညီ ဟုပြောလိုက်သည်။

အာစီယံ အလှည့်ကျဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုသည့်အတွက် နိုင်ငံတကာ၌ မြန်မာအစိုးရ၏ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟု မေ (၁၈) ရက်နေ့စွဲနှင့် ထုတ်ပြန်ကြေညာခဲ့ရာ နအဖစစ်အုပ်စုက ယင်းကြေညာချက်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟု မေ (၂၄)ရက်၌ တုန့်ပြန်တိုက်ခိုက်ခဲ့သည်။

ယခင်က လုံခြုံရေးကောင်စီတွင် နအဖဘက်မှ ရပ်တည်ခဲ့သော တောင်အာဖရိကနိုင်ငံကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးမှုအပေါ် မေ (၂၂)ရက်တွင် ကန့်ကွက်လိုက်သည်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် အမေရိကန်သမတ ဘားရက်အိုဘားမားက မေ (၂၇) ရက်တွင် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်ပြီး နအဖ စစ်အုပ်စုလုပ်ရပ်များကို ပြစ်တင်ရှုတ်ချလိုက်သည်။

## နအဖရပ်တည်ချက်

စစ်အစိုးရပိုင်မီဒီယာများက မေ (၁၈)ရက်နေ့မှစ၍ တရားရုံးဆုံးဖြတ်ချက် တစုံတရာမရှိခင် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို "တရားခံ" ဟု ဖော်ပြပြီး အသရေဖျက်မှု ကျူးလွန်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်ဝင်းထဲ ရေကူးခိုးဝင်ခဲ့သည့် အမေရိကန်နိုင်ငံသား ဂျွန်ယက်တောသည် နအဖမှ ခိုင်းစေထားသူမဟုတ်ဘဲ ပြည်ပရောက် အစိုးရဆန့်ကျင်ရေးသမားများက ခိုင်းစေထားသူသာဖြစ်သည်ဟု နအဖ နိုင်ငံခြားရေးဝန်ကြီးက မေ (၂၂) ရက်တွင် စွပ်စွဲခဲ့သည်။ ဟောင်ကောင်အခြေစိုက် နအဖကောင်စစ်ဝန် ဒုဗိုလ်မှူးကြီးရဲမြင့်အောင် (ရိုဟင်ဂျာကိုဘီလူးသရဲများဖြစ်သည်ဟု ပြောခဲ့ဖူးသူ) ကလည်း ယက်တောသည် သူလျှိုမဟုတ်လျှင် ဒေါ်အောင်ဆန်းစုကြည်၏ ရည်းစားဖြစ်လိမ့်မည်ဟု သံရုံး ဝက်ဘ်ဆိုက်တွင် သွားပုပ်လေလွင့်ရေးခဲ့သည်။

## ဝေဖန်ချက်များ

ဦးဝင်းတင်။ ။ *ဒါဟာ လုပ်ကြံမှုကြီးဘဲ၊ ဘိန်းပစ်ဖမ်းမှုကြီး၊ အမှုဆင်ထားတဲ့အမှုကြီးဘဲ။ ဒေါ်အောင်ဆန်းစုကြည်ကို လက်ရှိနိုင်ငံရေးအခြေအနေတွေထဲက ဆွဲထုတ်ဖို့ပေါ့ဗျာ။ အမြင့်ဆုံးဆိုလို့ရှိရင် တွေ့ဆုံဆွေးနွေးပွဲအလားအလာ၊ အနိမ့်ဆုံးဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လွတ်လပ်စွာစည်းရုံးလှုပ်ရှားမှုပေါ့။ ဒီအခြေအနေနှစ်ခုလုံးကနေ ဒေါ်အောင်ဆန်းစုကြည်ကို ဆွဲထုတ်လိုက်ဖို့လုပ်တာ။ နောက်တခုက ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဖမ်းဆီးချုပ်နှောင်ထားတဲ့ဟာကလဲ လွတ်ကာနီးနေပြီ။ အဲ့ဒါနဲ့ အချိန်ကိုက်လုပ်တာလို့ တလျှောက်လုံးပြောခဲ့တာ။ ဒီအမှုကနေ တရားမျှတမှု ဘာမှထွက်လာမှာမဟုတ်ဘူး။ တရားမျှတမှု မရှိနိုင်တဲ့နေရာမှာ ကျနော်ကသွားပြီး သက်သေထွက်လဲ ဘာမှထူးမှာမဟုတ်ဘူး။ ကျနော့်စကားနဲ့ပြောရရင် ဇာတ်သိမ်းခန်းကိုသိပြီးသား ဝတ္ထုတပုဒ်ကို ဖတ်ရသလိုဖြစ်နေတဲ့ ဇာတ်လမ်းကြီးပါ။ ပထမတခါ မစ္စတာယက်တောလာတဲ့အချိန်တုန်းကလဲ ဒေါက်တာတင်မျိုးဝင်းကတဆင့် အစိုးရကို အသိပေးပြီးပြီ။ ဒုတိယလာတာနဲ့ပတ်သက်လို့လဲ အသိပေးစရာအကြောင်းတော့ရှိတယ်။ သို့သော် ဒေါက်တာတင်မျိုးဝင်းကို စောင့်နေတာ။ ဒေါက်တာတင်မျိုးဝင်း ကြာသပတေးမနက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို လာပြီးတော့ တလတခါဆေးစစ်တဲ့အနေနဲ့ ရောက်လာဖို့ရှိတယ်။ အဲ့ဒီအချိန်မှာ ဒေါက်တာတင်မျိုးဝင်းကို သူတို့ကဖမ်းလိုက်တယ်။ အဲ့ဒါလဲ လုပ်ကြံမှုဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်က သူတို့ဆင်ထားတဲ့အကွက်အတိုင်းကို ဒေါက်တာတင်မျိုးဝင်းကတဆင့် အစိုးရကိုတိုင်ကြားဦးမယ်ဆိုတာ သိတဲ့အတွက် ဒေါက်တာတင်မျိုးဝင်းကို အဲ့ဒီနေ့မနက်မှာ ဖမ်းလိုက်တယ်။*

*ရှင်းရှင်းပြောရရင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးချင်တာဘဲ။ အဲ့ဒီအတွက် အမှုတင်တယ်လို့ဘဲ ကျနော်တို့ကသတ်မှတ်တယ်။ ၁ က လုံခြုံရေးအကုန်လုံးက သူတို့လက်ထဲမှာရှိတာ။ အမေရိကန်ဝင်ရုံတင်မဟုတ်ဘူး၊ ဒီပဲယင်းကလူက ဝင်ပြီးတော့သတ်သွားရင်လဲ သတ်သွားလို့ရတယ်။ ဘယ်သူဝင်ဝင် ဖြစ်တယ် မဖြစ်ဘူးဆိုတာ သူတို့အပေါ်ဘဲ မူတည်တယ်။ ဝင်တဲ့ဟာက အစိုးရမှာ လုံ့ဝတာဝန်ရှိတယ်လို့ ကျနော်အကြိမ်ကြိမ်ပြောခဲ့ပြီ။ ၂ က ဒေါ်အောင်ဆန်းစုကြည်လွတ်ကာနီးတာ ရက်ပိုင်းဘဲလိုတော့တယ်။ လွှတ်မယ့်အချိန်မှာ ဒီလူကိုဗီဇာပေးပြီး ဗမာပြည်ကို ဒုတိယအကြိမ်ပြန်ဝင်ခွင့်ပေးတာကိုကြည့်ရင် ဒါမမှန်ဘူး၊ မရိုးသားဘူးဆိုတဲ့ သဘောတွေက ထင်ရှားနေတယ်။ ဒီအမှုကြီးက ဆင်ပြီးတော့ လုပ်နေတဲ့အမှုကြီး။ ဒါကြောင့်လည်း ဒီအမှုကို ဖျက်သိမ်းပေးပါလို့ တောင်းဆိုနေတာ။ ရှင်းရှင်းပြောရင် ဒေါ်အောင်ဆန်းစုကြည်ကို ဒီကာလမှာ ဗမာပြည်နိုင်ငံရေးဇာတ်ခုံပေါ်ကို ပြန်တက်လာတဲ့အနေအထားမျိုးကို သူတို့မလိုချင်ဘူး။ ဒါကို ပိတ်ဆို့ဟန့်တားတယ်လို့ ကျနော်တို့ယူဆတယ်။*

*အန်အယ်လ်ဒီရဲ့ ပြီးခဲ့တဲ့ရက်ပိုင်းတုန်းက ပေါ်ထွက်လာတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းရဲ့ အနေအထားမျိုးနဲ့ ကြည့်မယ်ဆိုရင် ကျနော်တို့ဘက်က အပျော့ပျောင်းဆုံး၊ အလိုက်လျောဆုံး၊ အပီပြင်ဆုံးပုံသဏ္ဍာန်နဲ့ နိုင်ငံရေးလုပ်ငန်းဖြစ်စဉ်ကို ဖော်တာကိုး။ နိုင်ငံရေးအခြေအနေတွေကလဲ အများကြီးပျော့ပျောင်းသွားတယ်။ လူတွေလဲ စိတ်ဓာတ်တက်ကြွသွားတယ်။ ကျနော်တို့ အန်အယ်လ်ဒီဆိုတာ တစုံတရာကိုဖက်ပြီးတော့ တရားသေပြောနေတာ မဟုတ်ဘူး။ ဖြစ်နိုင်ခြေရှိတဲ့ လမ်းကြောင်းတွေရှာနေတယ်။ လူတွေအကုန်လုံးရွှင်လန်းအားတက်သွားတဲ့ အနေအထားမျိုးမှာ အခု ဒီလိုဟာမျိုးပေါ်လာတယ်။ ဆိုလိုတာက ကျနော်တို့ရဲ့နိုင်ငံရေးဖြစ်စဉ်ကြီးတရပ်လုံးကို ပိတ်ဆို့ဖျက်သိမ်းလိုက်တာလို့ပြောလို့ရတယ်။ ကျနော်တို့ရဲ့ အန်အယ်လ်ဒီ ရွှေဂုံတိုင်ကြေညာချက်မှာ ပေါ်လာတဲ့အနေအထား တခုလုံးဟာ ဒီအတိုင်းဆိုရင် သူတို့က ငြင်းပယ်လိုက်တယ်ဆိုတဲ့ သဘောဆောင်တယ်လို့ ကျနော်တို့သတ်မှတ်တယ်။*

သခင်ချန်ထွန်း(ဝါရင့်နိုင်ငံရေးသမား)။ ။ *ဒေါ်အောင်ဆန်းစုကြည်က လွတ်လပ်တာမှ မဟုတ်ဘဲ။ သူက အိမ်မှာ ထိန်းသိမ်းခံထားရတာဘဲ။ သူ့အိမ်ထဲမှာ နိုင်ငံခြားသားလာတယ် ဝင်တယ်ဆိုရင် ဒါဟာ အစောင့်အရှောက်တွေက တာဝန်မဲ့လို့ လာနိုင်တာပေါ့။ သို့မဟုတ်ရင်လဲ သက်သက်အရေးယူနိုင်အောင် အကွက်ဆင်တာလား ဆိုတာလဲ စဉ်းစားစရာဖြစ်လာတာပေါ့။ သူ့ကိုအပြင်ထွက်ပြီး စည်းရုံးခွင့်ပေးရင် သူဟောတဲ့တရားပွဲမှာ၊ သူသွားလေရာအနောက်မှာ လူအုပ်ကြီးကလိုက်နေတာ။ သူဟောတဲ့တရားပွဲမှာ လူအုပ်ကြီးကလာပြီး နားထောင်အားပေးနေတာ။ ဒါမျိုးတွေက သူတယောက်ဘဲ ရှိတာဘဲ။ အဲ့တော့ တခုမဟုတ်တခုနဲ့ ဆက်ပြီးချုပ်နိုင်အောင်၊ ဖန်တီးထားနိုင်အောင် ရဲ့အဖွဲ့အနေနဲ့ တတ်နိုင်သလောက် ကြိုးစားကြမှာဘဲလေ။*

ဒေါက်တာစိန်ဝင်း (ဝန်ကြီးချုပ်၊ အဲန်စီဂျီယူဘီ)။ ။ *ကျနော်တို့မြင်တာက မေလ (၂၇)ရက်နေ့မှာ လွှတ်ကိုလွှတ်ရမယ်။ မလွှတ်ချင်တဲ့အတွက် အမျိုးမျိုးသောအကြောင်းပြချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်ရှာတာဘဲ။ တကယ်တမ်းဆိုရင် သူတို့ထောက်လှမ်းရေးကို ဖမ်းရမယ်၊ အရေးယူရမယ်။ ဒီပဲယင်းဖြစ်တုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ကားတန်းကို တိုက်ခိုက်တဲ့လူတွေတယောက်မှ အရေးမယူဘူး။ တယောက်မှ အသံမထွက်လာဘူး။ ဒါဟာ အစီအစဉ်ရှိရှိနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုမလွှတ်ဘဲ ဆက်အရေးယူချင်လို့ လုပ်တဲ့လုပ်ရပ်လို့ ကျနော် ဒီအတိုင်းဘဲ မှန်မှန်ကန်ကန်မြင်ပါတယ်။*

## ကုလသမဂ္ဂအခြေအနေ

မေ (၂၂)ရက်တွင် ကျင်းပသည့် လုံခြုံရေးကောင်စီ (၁၅)နိုင်ငံအစည်းအဝေးက ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် စိုးရိမ်ကြောင်းဖော်ပြလိုက်ပြီး သူမအပါဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးဆွေးနွေးမှုများလုပ်ရန် နအဖစစ်အစိုးရကို တိုက်တွန်းခဲ့သည်။ လက်ရှိ လုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌ

(စာမျက်နှာ ၁၂ သို့)

( ရှေ့ဖုံး နိုင်ငံတကာသတင်းရုံး မှ )

အထူးစုံစမ်းရေးသမား၏ တွေ့ရှိချက်များကို အခြေခံ၍ အမေရိကန်နိုင်ငံ ဟားဗာဒ်တက္ကသိုလ် ဥပဒေကျောင်း၏ နိုင်ငံတကာလူ့အခွင့်အရေးဌာနမှ ပညာရှင်များက မေလအတွင်းထုတ်ဝေသည့် "မြန်မာပြည်မှရာဇဝတ်မှုများ" အမည်ရှိ အစီရင်ခံစာကို အတည်ပြုထောက်ခံလိုက်ခြင်းဖြစ်သည်။ ယင်းတရားသူကြီး(၅)ဦးမှာ တောင်အာဖရိကမှ ရစ်ချတ်ဂိုးလ်စတုံး၊ အမေရိကန်မှ ပက်ထရစ်ရှာဝေါလ်ဒ်၊ ဗြိတိန်နိုင်ငံမှ ဆာဂျော်ဖရီနိုက်စ်၊ ဗင်နီဇွဲလားမှ ပက်ဒရိုနစ်ကင်နှင့် မွန်ဂိုးလီးယားမှ ဂန်ဇိုရစ်ဂွန်ဘိုဆူရင်တို့ဖြစ်ပြီး ရဝမ်ဒါနှင့် ဆားဘီးယားနိုင်ငံများအတွက် နိုင်ငံတကာခုံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့ကြဖူးသူများ ဖြစ်ကြသည်။

အစီရင်ခံစာတွင် နအဖစစ်အုပ်စုသည် အဓမ္မအိုးအိမ်ရွှေ့ပြောင်းမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်စော်ကားမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ တရားလက်လွတ်သတ်ဖြတ်မှု၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်မှုတို့ ကျူးလွန်ကြောင်းဖော်ပြထားသည်။

နိုင်ငံတကာရာဇဝတ်တရားရုံး (အိုင်စီစီ)ကို ရောမဥပဒေစာချုပ်အရ ၂၀၀၂ ခုတွင် တည်ထောင်ခဲ့ပြီး နယ်သာလန်နိုင်ငံ သီဟေ့ဂ်မြို့တွင် ရုံးထိုင်ထားသည်။ အိုင်စီစီသို့တရားစွဲဆိုမှုကို အဖွဲ့ဝင်နိုင်ငံတနိုင်ငံမှဖြစ်စေ၊ အိုင်စီစီရှေ့နေကြီးမှဖြစ်စေ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှဖြစ်စေ တင်သွင်းနိုင်ပြီး အိုင်စီစီစတင်တည်ထောင်သည့် ၂၀၀၂ ခု ဇူလိုင် ၁ ရက်နောက်ပိုင်းဖြစ်မှုများကိုသာ အရေးယူကိုင်တွယ်နိုင်သည်။ အဖွဲ့ဝင်မဟုတ်သည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများကိုမူ တတိယနည်းလမ်းဖြင့်သာ တရားစွဲအပြစ်ပေးနိုင်သဖြင့် လုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေးကို အရင်ဆောင်ရွက်ပြီးနောက် ကော်မရှင်တွေ့ရှိချက်များအရသာ အိုင်စီစီသို့ တင်ပြတရားစွဲနိုင်မည်ဖြစ်သည်။ လုံခြုံရေးကောင်စီသည် မည်သည့်တရားစွဲစစ်ဆေးမှုကိုမဆို ပိတ်ဆို့ဟန့်တားနိုင်ခွင့်လည်းရှိသည်။

ကုလသမဂ္ဂလက်အောက်ခံဌာနတခုဖြစ်သော နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) မှာမူ လူပုဂ္ဂိုလ်တဦးချင်းကို တရားစွဲအရေးယူခွင့်မရှိဘဲ နိုင်ငံချင်းဖြစ်ပွားသည့် တရားမမှုများကို အဓိကကိုင်တွယ်ဆုံးဖြတ်သည်။ အိုင်စီစီမှာမူ သီးခြားလွတ်လပ်သောဌာနဖြစ်၍ လူမျိုးတုံးသုတ်သင်မှု၊ လူသားမျိုးနွယ်ဆန့်ကျင်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းအတွက် တာဝန်ရှိသူ လူပုဂ္ဂိုလ်တဦးချင်းကို တရားစွဲအရေးယူရန် တည်ထောင်ထားခြင်းဖြစ်သည်။

အိုင်စီစီ၏ အခြေခံတရားဥပဒေဖြစ်သော ရောမစာချုပ် ပုဒ်မ ၇ အရ ကုလသမဂ္ဂမှသတ်မှတ်ထားသည့် "လူသားမျိုးနွယ်ဆန့်ကျင်ရေး ရာဇဝတ်မှုများ"မှာ လူသတ်မှု၊ ကျွန်ပြုမှု၊ အဓမ္မအိုးအိမ်ရွှေ့ပြောင်းပစ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ နိုင်ငံတကာဥပဒေပါအခြေခံစည်းမျဉ်းများဖောက်ဖျက်၍ ဖမ်းဆီးချုပ်နှောင်မှု၊ မုဒိမ်းမှုနှင့် အခြားလိင်အရဖိနှိပ်အကြမ်းဖက်မှုများ၊ နိုင်ငံရေး လူမျိုးရေး ယဉ်ကျေးမှု ဘာသာရေးနှင့် လိင်အရ ခွဲခြားဖိနှိပ်မှု၊ လူပုဂ္ဂိုလ်များကို အတင်းအကြပ်လက်စဖျောက်မှု၊ စိတ်ပိုင်း ရုပ်ပိုင်းထိခိုက်စေသည့် အခြားလူမဆံသည့် လုပ်ရပ်များဖြစ်သည်။

ရောမစာချုပ် ပုဒ်မ ၈ အရ ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် "စစ်ရာဇဝတ်မှုများ"မှာ လူ့အသက်ကို အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်း၊ အရပ်ဖက်ပြည်သူလူထုသို့မဟုတ် တိုက်ပွဲနှင့် တိုက်ရိုက်မပတ်သက်သည့် အရပ်သားတဦးချင်းများကို တမင်တကာတိုက်ခိုက်ခြင်း၊ ဘာသာရေး ပညာရေး အနုပညာ သိပ္ပံပညာနှင့် ကုသိုလ်ဖြစ်ပရဟိတလုပ်ငန်းဆိုင်ရာ အဆောက်အဦများ၊ သမိုင်းဝင်အဆောက်အဦများ၊ အရပ်ဖက် ဆေးရုံ ဆေးခန်းများကို တမင်တကာတိုက်ခိုက်ခြင်း၊ ၁၅ နှစ်အောက်ကလေးငယ်များကို အဓမ္မစစ်မှုထမ်းခိုင်းခြင်း၊ အရပ်ဖက်လူထုကို အကြောင်းမခိုင်လုံဘဲ ရွှေ့ပြောင်းခိုင်းခြင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ဖျက်ဆီး သို့မဟုတ် သိမ်းယူခြင်းတို့ ပါဝင်သည်။

အဲန်အယ်လ်ဒီခေါင်းဆောင် ဦးဝင်းတင်။ ။ */နအဖ ကို အိုင်စီစီတရားရုံးတင်ရေးဟာ/ လုပ်ရမယ့်ကိစ္စဘဲ။ လူသားပေါ်မှာကျူးလွန်တဲ့ ရာဇဝတ်မှုတွေနဲ့ပတ်သက်ပြီး ဥပဒေလဲဖြစ်နေပြီ။ ကမ္ဘာမှာလဲ ဒီဥပဒေဟာ တစတစနဲ့ အလုပ်ဖြစ်လာပြီ။ နောက် ဒီလူတွေကို ရုံးတင်တရားစွဲခြင်းဆိုတာကလဲ ကမ္ဘာမှာ နိုင်ငံပေါင်းများစွာပေါ့၊ အာဖရိကနိုင်ငံတွေရော၊ ယူဂိုဆလပ်တို့ ဘာတို့ရော လုပ်နေကြပြီ။ အခု နောက်ဆုံး ဆူဒန်တို့ ဘာတို့ တရားစွဲတာ လုပ်နေပြီ။ တချို့က တရားခွင်ရှေ့မှောက်ကို ရောက်တယ်၊ တချို့က ဖမ်းမိန့်ဘဲထုတ်ရသေးတယ်။ ဗမာပြည်မှာဖြစ်နေတဲ့ အနေအထားအရက ဒီအခြေအနေမျိုးကို ရောက်နေတယ်။ သေချာတယ်၊ ငြင်းလို့မရတဲ့ အနေအထား။ မီဒီယာတွေထဲပါလို့ ကျနော်က ငြင်းလို့မရတာလို့ ပြောတာမဟုတ်ဘူး။ သာမန်အားဖြင့် ပြည်သူတွေဟာ ရှစ်လေးလုံးကာလလို ကာလမျိုးကစပြီးတော့ ၂၀၀၇ သံဃာတော်များ ရွှေဝါရောင်တော်လှန်ရေးလို ကာလမျိုး၊ နောက်တခါ နိုင်ငံရေးအကျဉ်းသားများစွာကို ညှင်းဆဲသတ်ဖြတ်ဆိုတဲ့ ဒီလိုဥပမာတွေ ကြည့်ခြင်းအားဖြင့် ဒီလူတွေဟာ တရားစီရင်ခံရမယ့်အနေအထားမှာ ရှိတယ်လို့ ပြောတာ။ ဒီလူတွေကိုအပြစ်ပေးရမယ်လို့ ကျနော်တော့ မပြောချင်ဘူး။ ဒါက တရားရုံးကလုပ်ရမယ့်ကိစ္စ။ ကျနော့်ဘက်ကတော့ ဒီလူတွေဟာ အဲဒီလို တရားခွင်မျိုးမှာ ရင်ဆိုင်ရမယ့်အနေအထားကို ရောက်နေတယ်လို့ တထစ်ချပြောချင်တယ်၊ သတ် သတ်မှတ်မှတ်ပြောတယ်။*

*သို့သော် အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ရဲ့ တချိန်တုန်းကရှိခဲ့တဲ့ သဘောထားပေ့ါဗျာ။ ကျနော်တို့ ဗမာပြည်မှာ အပြစ်တွေကို သင်ပုန်းချေမယ်ဆိုတာတွေ ရှိတယ်။ ကျနော်တို့ တိုင်းပြည်မှာဖြစ်နေတဲ့ဟာတွေ အကုန်လုံး တယောက်နဲ့တယောက် လက်စားချေကြမယ်ဆိုရင် မပြီးတော့ဘူး။ သင်ပုန်းချေတယ်ဆိုတာ သဘောတူတယ်။ သို့သော် ကျနော်တို့ဘက်က စဉ်းစားတော့ ဘာပေါ်လာသလဲဆိုရင်၊ ဒါ အဲန်အယ်ဒီရဲ့ ပေါ်လစီရယ်လို့တော့ မဟုတ်ဘူး၊ အစုအဖွဲ့လိုက် ဆွေးနွေးကြတာ။ သင်ပုန်းချေတယ်ဆိုရင် ချေချင်တိုင်းချေလို့ မရဘူး။ ဘာလို့လဲဆိုတော့ ခံရတဲ့ကာယကံရှင်တွေ ရှိတယ်ဗျာ။ သို့မဟုတ်လဲ သူ့ရဲ့ ရာဇဝတ်မှုကျူးလွန်မှုဟာ လူသားအပေါ်မှာ အလွန်ကြီးလေးတဲ့ရာဇဝတ်မှုလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်။*

*အဲဒီလို ပုံစံအမျိုးမျိုး ကျူးလွန်တဲ့လူတွေကို သင်ပုန်းချေတယ်ဆိုပြီးတော့ ကျနော်တို့က ခွင့်လွှတ်လိုက်ရင် ရမလား၊ နိုင်ငံရေးပါတီတခုကနေ လုပ်ရင်ရမလား။ သို့မဟုတ်ရင်လဲ နိုင်ငံရေးခေါင်းဆောင်တယောက်ကနေ လုပ်ရင်ရမလား။ မရဘူး၊ တရားဝင်ဖြစ်ဖို့လိုတယ်။ ပြည်ပတရားရုံးတို့ ဘာတို့ ဆိုတာကလဲ လွန်ခဲ့တဲ့အနှစ်(၂၀)လောက်က သိပ်ပြီး မကြားသေးဘူးပေ့ါဗျာ။ ကျနော်တို့က ဘယ်လိုတွက်လဲဆိုတော့ လွှတ်တော်တို့ဘာတို့မှာ တင်ပြီးတော့ ဥပဒေပြဋ္ဌာန်းပြီးတော့ သင်ပုန်းချေတာဖြစ်စေ၊ ဒါက တခုပေ့ါနော်၊ နောက်တမျိုးက ဘာလဲဆိုရင် ကျနော်တို့က အမျိုးသားပြန်လည်သင့်မြတ်ချင်တယ်၊ တရားစီရင်ရေးက အမှန်တရားဖြစ်စေချင်တယ်။ ကျနော်တို့က ဥပမာ - တောင်အာဖရိက အမှန်တရားဖော်ထုတ်ရေးနဲ့ ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်လိုဟာမျိုး လုပ်ရမယ်လို့ သဘောပေါက်တယ်။ အနည်းဆုံး အဲဒီလိုမျိုး ဖြေရှင်းမယ်။ သဘောထားတွေ ဟိုတုန်းကရှိခဲ့တယ်။*

လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေသည့် နအဖစစ်အစိုးရကို နိုင်ငံတကာရာဇဝတ်တရားရုံးတင်နိုင်ရေးအတွက် လူ့အခွင့်အရေးလှုပ်ရှားသူများက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မေ (၄) ရက်မှစ၍ နှစ်ရက်ကြာ ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲကို နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့ချုပ် FIDH နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC က ဦးစီးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာမှ လူ့အခွင့်ရေးလှုပ်ရှားသူများ ဥပဒေရေးရာကျွမ်းကျင်သူများ၊ အိုင်စီစီမှ တာဝန်ရှိသူများနှင့် အိုင်စီစီ ရှေ့နေဟောင်းများ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဦး။ ။ *အဓိက ကတော့ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ စစ်ရာဇဝတ်မှုတွေ၊ လူသားမျိုးပြုန်းအောင်လုပ်တဲ့ ကိစ္စမျိုးတွေ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်တဲ့ကိစ္စမျိုးတွေ စသည်ဖြင့် ဒါမျိုးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပြည်တွင်းတရားရုံးတွေက အရေးမယူဘူး၊ ပြည်တွင်းတရားရေးစနစ်က ပျက်စီးနေတယ်။ ဒါကြောင့် နိုင်ငံတကာရာဇဝတ်ခုံရုံးကနေ တရားစွဲဆိုနိုင်ဖို့ နည်းလမ်းရှာဖွေတဲ့ကိစ္စကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ဥပမာ ၂၀၀၃ ကတည်းက ဒီပဲယင်းကိစ္စဖြစ်တယ်။ ၂၀၀၇ ရွှေဝါရောင်ကိစ္စဖြစ်တယ်။ နောက် နာဂစ်မုန်တိုင်းနဲ့ပတ်သက်ပြီး လူတွေအများကြီး သေတဲ့ကိစ္စတွေဖြစ်တယ်။ ဒါတွေကို တစုံတရာ အရေးမယူဘူးဆိုရင် အာဏာပိုင်တွေက ဒါမျိုးကိစ္စတွေ ဆက်*

( တဖက် သို့ )

(တဖက် စာမျက်နှာ မှ)

*ပြီး ကျူးလွန်နေအုံးမှာဖြစ်တယ်။ တပြိုင်နက်ထဲမှာဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စကို ကျနော်တို့ လက်မလွှတ်ဘူး ဆိုလို့ရှိရင် တဖက်ကလဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စကို လုပ်မယ်။ တဖက်ကလဲ နိုင်ငံတကာခုံရုံးမှာ အရေးယူမယ့်ကိစ္စတွေလုပ်တဲ့ အခါကျတော့ ဒီကိစ္စတွေအပေါ်မှာ ဘယ်လိုများလုပ်နိုင်မလဲဆိုတာကို နည်းလမ်းရှာဖွေတဲ့ကိစ္စကို ကျနော်တို့ဆွေးနွေးကြတာဖြစ်တယ်။*

မြန်မာရှေ့နေကောင်စီအတွင်းရေးမှူး ဦးအောင်ထူး။

*ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေပြီးတော့ မြန်မာပြည်ရဲ့ အခြေအနေကို အိုင်စီစီလွှဲပြောင်းရေးကိစ္စမှာ ကြီး ၅ ကြီးထဲမှာ တရုတ်နဲ့ရုရှား ကန့်ကွက်လာနိုင်ခြေရှိတယ်ဆိုတဲ့ သုံးသပ်ချက်၊ ထောက်ပြချက်တွေက အမြဲတမ်း အားကောင်းကောင်းရှိတယ်။ ဒါကို ကျနော်တို့ လက်ခံပါတယ်၊ မငြင်းပါဘူး။ နိုင်ငံတခုကို အရေးယူဆောင်ရွက်ဖို့ မဲခွဲဆုံးဖြတ်တဲ့အခါတိုင်းမှာ ဒီသက်ဆိုင်ရာနိုင်ငံထဲမှာ ပြစ်မှုကြီးတွေဖြစ်ပွားနေပြီ၊ အဲဒီပြစ်မှုကြီးကို နိုင်ငံတကာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ဖို့ လိုအပ်လာတယ်လို့ ဆိုတဲ့ အခါတိုင်းမှာ တရုတ်ပြည်ဟာ ကန့်ကွက်လေ့မရှိဘူးဆိုတာ ကျနော်တို့ သတင်းကြားရတယ်။ နောက် ဒုတိယတခုက ဗမာပြည်အခြေအနေကို နိုင်ငံတကာက အရေးယူဆောင်ရွက်အောင် ကြိုးစားတဲ့အခါကျတော့လဲဘဲ ပြည်တွင်းနိုင်ငံရေးအခြေအနေထက် ပြည်တွင်းမှာ ဖြစ်နေတဲ့ နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ဖြစ်ပွားနေပါပြီဆိုတာကို မီးမောင်းထိုး ချဉ်းကပ်ခြင်းသည်သာလျှင် နိုင်ငံတကာဥပဒေအရ လက်တွေ့ကျတာဖြစ်တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဥပဒေစိုး မိုးရေးအခြေခံ စဉ်းစားစေချင်တယ်။ ဆိုလိုချင်တာက နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်တဲ့သူတွေကို အရေးကိုယူမှရမယ်။* ♦

---

*(ငြိမ်းဝါဒ၏ အနာဂတ် မှ)*

ရည်မှန်းခဲ့သော်လည်း အဓိကကျသည့် အင်အားကြီး ငြိမ်းအဖွဲ့များက ပြတ်ပြတ်သားသားပယ်ချမှုကြောင့် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရသည်။

**နအဖ၏ လူသားမျိုးနွယ်ဆန့်ကျင်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအချို့**

<u>အိုင်စီစီမှ အရေးယူနိုင်သည့်ပြစ်မှုများ</u>

- ၂၀၀၃ မေ ၃၀။ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်တွင် အဲန်အယ်လ်ဒီထောက်ခံသူ ၇၀ ခန့်သတ်မှု
- ၂၀၀၅ ဇွန် ၁၄။ တနင်္သာရီတိုင်း လန်းဘတ်ကျွန်းနှင့် မကျွန်းကလစ်ကျွန်းတို့တွင် သစ်ခုတ်သမား ၁၇ ဦးသတ်မှု
- ၂၀၀၅ ဇူလိုင် ၁၃။ တနင်္သာရီတိုင်း ဂျလန်းကျွန်းတွင် မြန်မာရေလုပ်သား ၁၃ ဦးသတ်မှု
- ၂၀၀၅ ဇူလိုင် ၁၁။ တနင်္သာရီတိုင်း ပုလောမြို့နယ် ကစေထာရွာပျက်အနီးတွင် ကရင်ရွာသား ၂၇ ဦးသတ်မှု
- ၂၀၀၅ ဇူလိုင် ၁၆။ တနင်္သာရီတိုင်း လေညာမြို့နယ်ခွဲအရှေ့မြောက်ဘက်တွင် ကရင်ရွာသား ၄ ဦး၊ စာရဝချောင်းဖျားတွင် မြိတ်-ထားဝယ်ရွာသား ၁၃ ဦးသတ်မှု
- ၂၀၀၇ စက်တင်ဘာ။ ရန်ကုန်မြို့တွင် သံဃာနှင့်အရပ်သား ၁၀၀ ခန့်သတ်မှု
- ၁၉၈၈ မှ ၂၀၀၉။ နိုင်ငံရေးအကျဉ်းသား ၁၅၀ ကျော် အကျဉ်းထောင်တွင်းသေဆုံးမှု
- ၁၉၉၆ မှ ၂၀၀၆။ ကရင်ပြည်တွင် ရွာပေါင်း ၃၃၀၀ ကျော်ကို မီးရှို့ဖျက်ဆီးမှု
- ၁၉၉၆ မှ ၂၀၀၈။ ရှမ်းပြည်တွင် ရွာပေါင်း ၁၅၀၀ ကျော်ကို မီးရှို့ဖျက်ဆီးမှု
- ၁၉၉၇ မှ ၂၀၀၂။ ရှမ်းပြည်တွင် အမျိုးသမီး အနည်းဆုံး ၆၂၅ ဦးကို နအဖစစ်တပ်က မုဒိမ်းကျင့်မှု
- ၁၉၈၈ မှ ၂၀၀၄။ ကရင်ပြည်တွင် အမျိုးသမီး အနည်းဆုံး ၁၂၅ ဦးကို နအဖစစ်တပ်က မုဒိမ်းကျင့်မှု
- ၂၀၀၂ မှ ၂၀၀၄။ ကချင်ပြည်၊ ကရင်ပြည်၊ ကရင်နီပြည်၊ ချင်းပြည်၊ ရခိုင်ပြည်၊ ရှမ်းပြည်၊ မွန်ပြည်၊ တနင်္သာရီတိုင်း၊ ရောဝတီတိုင်းတို့တွင် အမျိုးသမီး အနည်းဆုံး ၃၄ ဦးကို နအဖအာဏာပိုင်များ သို့မဟုတ် စစ်တပ်ကမုဒိမ်းကျင့်မှု
- ၁၉၉၅ မှ ၂၀၀၄။ မွန်ပြည်တွင် အမျိုးသမီး အနည်းဆုံး ၅၀ ဦးကို နအဖစစ်တပ်က မုဒိမ်းကျင့်မှု
- ကလေးစစ်သား ၂၅၀၀၀ ရှိနေခြင်း

<u>အိုင်စီစီမှ အရေးမယူနိုင်သည့်ပြစ်မှုများ</u>

- ၁၉၉၁ အောက်တိုဘာ။ ရောဝတီတိုင်းတွင် ကရင်ပြည်သူ ၁၀၀၀ ကျော်သတ်မှုနှင့် ကရင်ရွာ ၃၀၀ ခန့်မီးရှို့ ဖျက်ဆီးမှု
- ၁၉၉၇ စက်တင်ဘာ ၁၆။ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ရေပူကျေးရွာတွင် ငြိမ်းချမ်းရေး ဆွေးနွေးရန် လာသည့် မြိတ်-ထားဝယ်ညီညွတ်ရေးတပ်ဦးအဖွဲ့ဝင် ၂၅ ဦးသတ်မှု
- ၁၉၉၈ မေ။ တနင်္သာရီတိုင်း ခရစ္စတီးကျွန်းတွင် သစ်ခုတ်သမားနှင့် မိသားစု ၅၉ ဦးသတ်မှု
- ၁၉၉၈ မေ။ တနင်္သာရီတိုင်း ခရစ္စတီးကျွန်းတွင် ထိုင်းငါးဖမ်းစက်လှေလုပ်သား ၂၂ ဦးသတ်မှု
- ၂၀၀၀ နိုဝင်ဘာ။ ရှမ်းပြည်မြောက်ပိုင်း မုန်းကိုးတွင် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၉၇ ဦးနှင့် ရွာသား ၆၀ ခန့်သတ်မှု
- ၂၀၀၁ မေ။ ရှမ်းပြည် ကွန်ဟိန်းမြို့နယ်တွင် ရှမ်းရွာသား ၈၀ ကျော်သတ်မှု
- ၂၀၀၁ ဇူလိုင် ၇။ ရှမ်းပြည်အလယ်ပိုင်း လဲချားမြို့နယ် နောင်လိုင်တွင် အက်စ်အက်စ်အဲန်အေ ငြိမ်းချမ်းရေးတပ်ဖွဲ့ ဝင် ၁၈ ဦးသတ်မှု

**နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး လက်မခံသည့်အဖွဲ့များ**

၁။ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA အင်အား ၂၈၀၀၀
၂။ အထူးဒေသ ၁ ကိုးကန့်အဖွဲ့ MNDAA အင်အား ၄၀၀၀
၃။ အထူးဒေသ ၄ မိုင်းလားအဖွဲ့ NDAA-ESS အင်အား ၄၅၀၀
၄။ ရှမ်းပြည်တပ်မတော် SSA အင်အား ၃၀၀၀
၅။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO အင်အား ၅၀၀၀ (မူအရလက်ခံ)
၆။ မွန်ပြည်သစ်ပါတီ NMSP အင်အား ၁၀၀၀
၇။ ကယန်းပြည်သစ်ပါတီ KNLP အင်အား ၄၀၀

**နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ် သို့မဟုတ် အထူးတိုက်ခိုက်ရေးရဲ အသွင်ပြောင်းရေးလက်ခံသည့်အဖွဲ့များ**

၁။ ပအိုဝ်းအမျိုးသားအဖွဲ့ PNO အင်အား ၂၀၀
၂။ ကချင်အထူးဒေသ-၁ NDA-K အင်အား ၄၀၀
၃။ မထူးနော် ကချင်ခွဲထွက်အဖွဲ့ KDA အင်အား ၂၀၀
၄။ ကရင်ခွဲထွက်အဖွဲ့များ (ဒီကေဘီအေ၊ စောဌေးမောင်၏ ငြိမ်းချမ်းရေးကောင်စီ၊ စောသမူဟဲ၏ ကေပီအက်ဖ်) အင်အား ၂၀၀၀
၅။ ကရင်နီခွဲထွက်အဖွဲ့များ (ကလလတ၊ ကမစည၊ ဟိုယာငြိမ်းချမ်းရေးအဖွဲ့၊ ကေအဲန်ဂျီ) အင်အား ၈၀၀
၆။ မွန်ခွဲထွက်အဖွဲ့များ (ချောင်ချိအဖွဲ့၊ နိုင်စိုက်ချမ်းအဖွဲ့၊ အောင်နိုင်အဖွဲ့) အင်အား ၂၀၀

**အပြီးအပိုင်လက်နက်ချခဲ့ရသည့်ငြိမ်းအဖွဲ့များ**

၁။ ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့ PSLP အင်အား ၁၀၀
၂။ ရှမ်းပြည်အမျိုးသားတပ်မတော် SSNA အင်အား ၈၀၀ (အင်အား ၁၀၀၀ တောခို)
၃။ ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အင်အား ၃၀၀ (အင်အား ၁၀၀ တောခို)
၄။ ကရင်နီခွဲထွက် နဂါးအဖွဲ့ အင်အား ၅၀

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

# ဗြော်... နအဖ... နအဖ

☺ မီးပျက်ချိန်က မီးလာချိန်ထက်ပိုများသော မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မတ် (၂၈)ရက်က သမတရပ်ရှင်ရုံအနီး အလံပြဘုရားလမ်းရှိ ပို့ခ်ရှိုင်ယယ် ဟော်တယ်၌ လျှပ်စစ်မီး တနာရီကြာဖြတ်၍ မြေကမ္ဘာနေ့အထိမ်းအမှတ် နိုင်ငံပေါင်းစုံမှ ကမ္ဘာကြီးပူနွေးလာမှု ကာကွယ်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သေး၏။

☺ မွန်ပြည် မော်လမြိုင်မြို့တွင် ဧပြီ (၁၈)ရက်က အခြေခံပညာသင်ကျောင်းများ၌ အောင်စာရင်းထုတ်ပြန်ခဲ့ရာ (သူငယ်တန်း မှ သတ္တမတန်းအထိ ဖြေဆိုသူတိုင်းအားလုံး"အောင်"သည်။) ဟု ကျောက်သင်ပုန်းတွင် မြေဖြူနှင့်ရေး၍ ထုတ်ပြန်ထား၏။

☺ နိုင်ငံတကာတက္ကသိုလ်များတွင် အသက် ၆၀ ကျော် အငြိမ်းစားများမကျန် အသက်ကန့်သတ်ချက်မရှိ၊ ပညာအရည်အချင်းပြည့်လျှင် တက်ရောက်နိုင်သော ပါရဂူ (ပီအိပ်ချ်ဒီ)ဘွဲ့သင်တန်းကို မြန်မာနိုင်ငံတွင် အသက် ၃၀ မကျော်သူများသာတက်ရောက်ရန် နအဖ ပညာရေးဝန်ကြီးဌာနက ကန့်သတ်လိုက်သည်။

☺ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိမိတို့ တိုင်းပြည်တာဝန် စယူစဉ်အခါက စပါးထွက်ရှိမှု တင်းသန်းပေါင်း ၆၀၀ ကျော်လောက်သာ ရှိခဲ့ရာမှ ယခု စပါးတင်းသန်းပေါင်း ၁,၆၀၀ ခန့်အထိ တိုးချဲ့ထုတ်လုပ်နိုင်ခဲ့သည်ဟု မေလဆန်း၌ ပြောခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူဦးရေသန်း ၁၀၀ အထိတိုးပွားလာလျှင်ပင် စားနပ်ရိက္ခာအတွက် ပူစရာမလိုဟု ဗိုလ်ချုပ်မှူးကြီးက ဆိုလေ၏။

☺ နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင် ၂၀၀၃ ဇွန် ၁ ရက်မှ ၂၀၀၄ နိုဝင်ဘာ ၂၇ ရက်အထိ တနှစ်ခွဲကာလမှာ ပုဒ်မ ၁၀(က) အရ "ချုပ်နှောင်" ခြင်းဖြစ်ပြီး ၂၀၀၄ နိုဝင်ဘာ ၂၈ မှ ၂၀၀၉ မေ ၂၇ ရက်အထိ ၄ နှစ်ခွဲကာလမှာ ပုဒ်မ ၁၀(ခ) အရ "တားဆီး" ခြင်းဖြစ်သဖြင့် "ဥပဒေအရ" လာမည့်နိုဝင်ဘာ ၂၇ ရက်အထိ ၅ နှစ်ပြည့်အောင် တားဆီးနိုင်သေးသည်ဟု ဒုရဲချုပ်မြင့်သိန်းက မေ (၂၆)ရက်သတင်းစာရှင်းလင်းပွဲတွင် ပြောသွား၏။ ♦

## ဖြစ်ရပ်မှန်ကြေကွဲ Tragedy

💧 မကွေးတိုင်း အောင်လံမြို့နယ် စမ်းကလေးကျေးရွာအုပ်စုတွင် ဒေသခံ သကြားစက်အာဏာပိုင်တို့က ခြိမ်းခြောက်ရန်ရှာမှု၊ လယ်မြေများကို ကျူးကျော်ဝင်ရောက်မှုများ ရှိနေသောကြောင့် မေ (၄)ရက်နေ့၌ တောင်သူများစုပေါင်းပြီး ရန်ကုန် အိုင်အယ်အိုရုံးနှင့် နေပြည်တော်သို့ ထပ်မံတိုင်ကြားခဲ့ရသည်။ အစိုးရပိုင် သကြားစက်က သိမ်းယူခဲ့သည့် တောင်သူများဘိုးဘွားပိုင် လယ်ယာမြေဧက ၂၀၀၀ ကျော်ကို (၂)နှစ်အကြာ၌ အိုင်အယ်လ်အို၏ ဝင်ရောက်ဖြေရှင်းပေးမှုကြောင့် တောင်သူများ ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့သော်လည်း ရှမ်းတောင် ၃၉-စီ ကွင်း မြေဧက ၁၅၀ ခန့်မှ တောင်သူများမှာ တကယ့်လက်တွေ့ လယ်ယာများ ပြန်လုပ်ကိုင်ချိန်တွင် အမှတ် ၅ နှင့် အမှတ် ၆ သကြားစက်များမှ ဗိုလ်မှူးလှဖုန်းနှင့် ဗိုလ်မှူးဇော်ဝင်းတို့၏ အမိန့်နှင့် အောက်ခြေဝန်ထမ်းများက ခြိမ်းခြောက်ခဲ့ကြသည်။ *"အမှတ် ၅ သကြားစက် ဗိုလ်မှူးလှဖုန်းအမိန့်နဲ့ အမှတ် ၆ သကြားစက် ဗိုလ်မှူးဇော်ဝင်းရဲ့အမိန့်နဲ့ပါ ဆိုပြီးတော့ ကျနော်တို့ရဲ့ ယာခင်းတွေထဲမှာ ကျူးကျော်တဲဆောက်တယ်။ ကြံဝန်ထမ်း ကိုဉာဏ်ရှိန်၊ ကိုလှရွှေတို့ ကျူးကျော်တဲတွေ ဆောက်ထားတယ်။ သကြားစက်ကဝန်ထမ်း (၂)ယောက် (၃)ယောက်လောက်ကို ယူနီဖောင်းဝတ်ပေးပြီး ခြိမ်းခြောက်ဟန့်တားတယ်။ ကျနော်တို့ တောင်သူလယ်သမားတွေ စိတ်မချမ်းသာဘူးပေါ့ဗျာ။ လုပ်ရပေမဲ့ ကျီးလန့်စာစားလို ဖြစ်နေတာပေါ့။"* ယခုလိုခြိမ်းခြောက်ပြောဆိုသည့်အပြင် နေ့စားသူရင်းငှားများလွှတ်ပြီး အတင်းဝင်ရောက်ထွန်ယက်ခိုင်းခြင်း၊ တောင်သူများ၏ လယ်မြေများကို စီးပွားရေးသမားများထံ ပြန်လည်မြေငှားချခြင်းများလည်း လုပ်လာသည်။ *"စီးပွားရေးအုပ်စုတွေနဲ့ ဆက်သွယ်ပြီး ကျနော်တို့ရဲ့ လယ်ယာမြေတွေထဲကို အတင်းဝင်ရောက်ထွန်ယက်ဖို့ထိအောင် စေခိုင်းလာတယ်။ သူတို့လာနည်းက ကြံဌာနဝန်ထမ်းဦးလှရွှေ၊ ဦးဉာဏ်ရှိန်တို့က ခိုင်းလို့ပါတဲ့၊ သူတို့ကို နွားတရှဉ်းငှား ခေါ်တာပါတဲ့။ တနေ့ကို ၂၀၀၀ နဲ့ ခေါ်တာပါတဲ့။ တမနက်စာကို ထွန်ခိုင်းလို့ ထွန်တာပါလို့ သူတို့ကဒီလိုပြောတယ်။ ကျနော်တို့က ဒါ တောင်သူလယ်သမားလယ်ယာမြေတွေ ဖြစ်တယ်ဆိုတာ သိလားဆိုတော့ သိပါတယ်လို့ပြောတယ်။ သူတို့မြေငှား ပေးတယ်ဆိုတာကတော့ သူတို့ချင်း လက်ဝါးရိုက်တဲ့အလုပ်တွေကို လုပ်တယ်ပေါ့ဗျာ။ ကြံဌာနဝန်ထမ်း ဗိုလ်မှူးဇော်ဝင်း၊ ဗိုလ်မှူးလှဖုန်းတို့ရဲ့ စနစ်တကျလုပ်လာပုံကတော့ လူကြီးတွေ၊ နိုင်ငံတော်အကြီးအကဲတွေ နားလည်မှုလွဲအောင် လူမှုရေးပဋိပက္ခအသွင်ကို ဆောင်ခိုင်းနေတဲ့ အနေအထားမျိုးပါ။"*

(တရားရုံးတင် မှ)

ရုရှားနိုင်ငံက ကြေညာချက်အဖြစ် တာဝန်ယူထုတ်ရန် ငြင်းသဖြင့် ပုံမှန်သတင်းထုတ်ပြန်ချက်အနေနှင့်သာ ထုတ်လိုက်ရသည်။ ရုရှားရပ်တည်ချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂဆိုင်ရာ ညွှန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ယခုလိုသုံးသပ်သည်။

*"ရုရှားရဲ့ရပ်တည်ချက် အဓိက ကတော့ ဗမာပြည်ကိစ္စဆိုတာထက် လူ့အခွင့်အရေးကိစ္စတွေနဲ့ပတ်သက်လို့ လုပ်ထုံးလုပ်နည်းအရ လုံခြုံရေးကောင်စီကိစ္စမဟုတ်ဘူး ဆိုတဲ့အခြေခံပေါ်မှာ တောက်လျှောက်ရပ်တည်တာမျိုး တွေ့ရတယ်။ ဗမာပြည်ကိစ္စမှာ ရုရှားနဲ့တရုတ်က ဗီတိုပါဝါကိုင်ထားတာ။ ဒီနှစ်နိုင်ငံရဲ့ အကန့်အသတ်တွေကြောင့် ကျနော်တို့ ရှေ့ဆက်လုပ်တဲ့နေရာမှာ ခရီးသွားသင့်သလောက် မသွားဘူး၊ ထိရောက်သင့်သလောက် မထိရောက်ဘူး ဖြစ်နေတာ။ ကျနော်တို့က လုံခြုံရေးကောင်စီအနေနဲ့ တကယ်စည်းနှောင်မှုရှိတဲ့ ဆုံးဖြတ်ချက်မျိုး ဖြစ်စေချင်တယ်။...*

*"အဆိုပြုချက်နှစ်ခု ကျနော်တို့တင်ထားပါတယ်။ ပထမတခုကတော့ ယနေ့အကျပ်အတည်းတွေကို ဆွေးနွေးဖို့အတွက် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို အမြန်ဆုံးစေလွှတ်သင့်တယ် ဆိုတဲ့ အဆိုပြုချက်ပေါ့။ ဒုတိယတခုကတော့ ယနေ့မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ချဉ်းကပ်မှုတွေမှာ ကျဉ်းမြောင်းနိုင်သမျှကျဉ်းမြောင်းအောင်၊ ဘုံချဉ်းကပ်မှုတွေ ဖြစ်လာအောင် အခုလိုအခြေအနေမျိုးမှာ လုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးလုပ်သင့်တယ်။ ဘယ်လိုချဉ်းကပ်မှုနဲ့ ဘယ်လိုဖြေရှင်းမှုမျိုးတွေကို အထွေထွေအတွင်းရေးမှူးချုပ်ကို အကြံပေးမလဲ၊ အထွေထွေအတွင်းရေးမှူးချုပ်ကို အနောက်အင်အားစုနိုင်ငံတွေရော၊ အိမ်နီးချင်းနိုင်ငံတွေကပါ ဘယ်လိုထောက်ခံအားပေးမှုတွေနောက်ကနေ အားပေးပြီးတော့ ဗမာပြည်ပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းနိုင်ဖို့လုပ်ပေးမလဲ၊ အဲဒါကို အရေးပေါ်အစည်းအဝေးကနေ ဆွေးနွေးပေးဖို့ဆိုပြီး ကျနော်တို့အဆိုပြုထားပါတယ်။...*

*"အရင်ကထက်စာရင် ဘာမှမပြောတာကနေ ယနေ့ပြောလာတဲ့အနေအထား ဖြစ်လာတယ်။ ဒီကြေညာချက်တွေဟာ ကြေညာချက်မည်ကာမတ္တ ထုတ်ပြန်ရုံတင်မကဘဲနဲ့ အားလုံး အသံတညီတည်း တွန်းအားပေးကြမယ်ဆိုရင် ဒီနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ဘယ်နိုင်ငံမှ တနိုင်ငံတည်း ရပ်တည်လို့မရပါဘူး။ ထိရောက်မှုတွေ ရှိလာလိမ့်မယ်လို့ ကျနော်တို့ယုံကြည်ပါတယ်။"* ♦

*(ကျောဖုံး လူသတ် မှ)*

☠ ရန်ကုန် ဗိုလ်တထောင်မြို့နယ်တွင် လေတပ်ဗိုလ်မှူးဟောင်းတဦးက ဦးခင်မောင်လေးနှင့် ဒေါ်အေးအေးဝင်း (ဗိုလ်မှူးချုပ်ဟောင်းကျော်ဝင်း၏သမီး) တို့လင်မယား ၂ ဦးက ၎င်းတို့နေအိမ်၌ပင် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပြီးနောက် (၃)ရက်ကြာ ဧပြီ (၂)ရက်ကျမှ အလောင်းကို ရဲတို့ကတွေ့ရှိခဲ့သည်။

☠ ဧပြီ (၂)ရက်က ရခိုင်ပြည် အမ်းမြို့နယ် မဲတောင်တွင် ရန်ကုန်မှလာသော ဘုရားဖူးကားမှောက်၍ လူ (၁၇)ဦးသေပြီး (၃၇)ဦးဒဏ်ရာရသွားသည်။

☠ ဧပြီ (၁၆)ရက်က တွံတေးတူးမြောင်းအတွင်း ခရီးသည်စက်လှေတစီး တိမ်းမှောက်၍ ခရီးသည် (၄)ဦးသေဆုံးသွားသည်။

☠ ဧပြီ (၁၈)ရက်တွင် မွန်ပြည်သစ်ပါတီ ခရိုင်ကော်မတီဝင် ဒေါက်တာ နိုင်မင်းနောင် (၄၀ နှစ်) မှာ မော်လမြိုင်မြို့ပေါ်တွင် သေနတ်ဖြင့်ပစ်ခတ် လုပ်ကြံ သတ်ဖြတ်ခံခဲ့ရပြီး မေ (၈)ရက်တွင်လည်း မြို့နယ်ကော်မတီဝင် နိုင်ရာဇာ သေနတ်ဖြင့် (၆)ချက်တိတိ ပစ်ခတ်ခြင်းခဲ့ရရာ ဒဏ်ရာရရှိခြင်းမရှိဘဲ လွတ်မြောက်ခဲ့သည်။

☠ ဧပြီလအတွင်းက ရန်ကုန်တိုင်း မြောက်ဥက္ကလာ၊ မြောက်ဒဂုံ၊ တောင်ဒဂုံ နှင့် သာကေတမြို့နယ်များတွင် ဝမ်းရောဂါကူးစက်ပျံ့နှံ့ခဲ့ရာ အနည်းဆုံး လူ (၅) ဦး သေဆုံးခဲ့သည်။

☠ မေ (၄)ရက်က ရှမ်းပြည်အရှေ့ပိုင်း မိုင်းတုံမြို့နယ် ဟိုယောက် အခြေစိုက် ဝ ငြိမ်းချမ်းရေးအဖွဲ့ တပ်မဟာ ၂၄၈ မှ တပ်သား (၃)ဦး ငါးမျှားသွားရာမှ လူကွဲသွားသည့် ဝ စစ်သားတဦးကို နအဖတပ်က ဖမ်းဆီးသတ်ဖြတ်ပြီး လက်ဝါးကပ် တိုင်တင်ထားလိုက်သည်။

☠ မေ (၅)ရက်ညက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဂျပန်သံရုံးအနီးတွင် ခြောက်မိုင်ခွဲ ဆင်ဖြူရှင်ရိပ်သာနေ လေတပ်အရာရှိကြီးတဦး၏သား မောင်းလာသော မတ်တူး အဖြူရောင်ကားက စီးတီးစတားဟော်တယ်အောက်ရှိ စတားနက် အင်တာနက်ဆိုင်တွင် အလုပ်လုပ်သူမဌေးဌေးလှိုင်နှင့် ဖခင်ဦးမောင်ငြိမ်းတို့ကို အရှိန်ပြင်းထန်စွာ ဝင်တိုက်ခဲ့ရာ ဦးမောင်ငြိမ်း (၅၉ နှစ်) ပွဲချင်းပြီးသေဆုံးပြီး မဌေးဌေးလှိုင်မှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ သို့ရာတွင် အထက်အမိန့်အရ သားဖြစ်သူအစား တပ်ကြပ်ကြီးတယောက်နှင့် တရားခံကို လဲလှယ်အစားထိုးခဲ့သည်။

☠ မေ (၆)ရက်က ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်တွင် ဆောဆားရွာသူကြီးနှင့် အသက် (၂၀)အရွယ်ရွာသားတဦးကို နအဖတပ် ခမရ ၄၂၅ က သတ်ပစ်လိုက်ပြီး ဆောဆားရွာနှင့် နောင်တပန်ရွာသား ၈၀ ခန့်ကိုလည်း ဖမ်းဆီးနှိပ်စက်ခဲ့သည်။ ကောင်တိုင်းရွာသားဦးလွန်းကိုလည်း ခမရ ၄၂၆ က လက်ကောက်ဝတ်နှစ်ဘက် ခုတ်ဖြတ်လိုက်ပြီး နေအိမ်ကို မီးရှို့ပစ်လိုက်သည်။

☠ မေ (၆)ရက်က ရမည်းသင်းမြို့တွင် ဒေါ်အေးကြည်နှင့်သားများ ရွှေဆိုင်ကို သေနတ်ကိုင်လူ (၃)ဦး မော်တော်ဆိုင်ကယ်ဖြင့်လာရောက်၍ သေနတ်ဖြင့်ပစ်ခတ်ဓားပြတိုက်ရာ လူတဦးသေ၊ (၂)ဦးဒဏ်ရာရပြီး ရွှေ (၇)ပိဿာ ပါသွားသည်။

☠ ရေစကြိုမြို့ ခလရ ၂၅၆ မှ လက်နက်ခဲယမ်းများပျောက်ဆုံးမှုနှင့် ပတ်သက်၍ အရာရှိ အရာခံအကြပ်တပ်သား (၂၀)ခန့်ကို ဖမ်းဆီးနှိပ်စက်ညှဉ်းပန်းစစ်မေးရာမှ လက်လွန်ပြီး တပ်ကြပ်ကြီးမြင့်စိုး (၃၅ နှစ်) မေ (၁၀)ရက်၌ သေဆုံးသွားခဲ့သည်။

☠ မေ (၂၈)ရက်က ရခိုင်ပြည် စစ်တွေမြို့ ဘောက်သီးစုရပ်မှ ဦးအောင်လှစိန် (၃၃ နှစ်)၊ သား စိုးဝင်း (၁၁ နှစ်) နှင့် သမီး အေးစန္ဒာခင် (၁၀ နှစ်) တို့သည် စီးပွားရေးကြပ်တည်းမှုဒဏ် မခံနိုင်တော့သဖြင့် တမိသားစုလုံး အဆိပ်သောက်၍ သတ်သေသွားကြသည်။

☠ မေလအတွင်းက ချင်းပြည် မတူပီမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် နိုင်ငံရေးအကျဉ်းသား ဆလိုင်းလှမိုး (၄၈ နှစ်) သည် မြင်းခြံထောင်တွင် ဆေးကုသမှု မခံရ၍ သေဆုံးသွားသည်။

☠ ဇွန် (၂)ရက်က ချင်းပြည် ပလက်ဝမြို့နယ် ကုလားတန်မြစ်အတွင်း စက်လှေတစီးပေါ်၌ နအဖတပ် ခမရ ၂၈၉ မှ တပ်သားဇော်မျိုးအောင်ကိုင်သည့် သေနတ်မှကျည်ထွက်ရာ ထရောအိုက်ရွာမှ ကိုရွှေဦး (၂၆ နှစ်)ထိမှန်ပြီး သေဆုံးသွားသည်။ ♦

---

*(ကျောဖုံး မင်းမဲ့ဝါဒ မှ)*

☹ ရောအနောက်လမ်းနှင့် ရောအရှေ့လမ်းဟု လူသိများသည့် မန္တလေး- သပိတ်ကျင်း-ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းနှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းတို့တွင် လမ်းဖြတ်သန်းခ ကောက်သည့်ဂိတ်များ များပြားလွန်းသဖြင့် ခြောက်ဘီးကားတစီး လေးသိန်း၊ ဆယ်ဘီးကား ဆယ့်နှစ်ဘီးကားတစီး ခြောက်သိန်းခန့် ပျမ်းမျှပေးနေကြရရာ ကားသမားများ တွက်ခြေမကိုက်ဖြစ်နေသည်။

☹ မေ (၂၇)ရက် မနက်က မွန်ပြည်နယ် မော်လမြိုင်မြို့တွင် သစ်တောရုံးနှင့် ကြံ့ဖွံ့ရုံးအနီး စီးပွားရေး ဘဏ်အရှေ့မြောင်းအတွင်း ဗုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲပြီး ညနေပိုင်းတွင် အမှတ် ၃ ကျောင်းအနီး ဗုံးတလုံး ထပ်ကွဲခဲ့သည်။ ထိခိုက်မှုမရှိ။

☹ မေ (၃၀)ရက်က ဒလမြို့နယ်ရှိ ဓနုတ်စေတီပြိုကျခဲ့ရာ စေတီကို ပြင်ဆင်နေသည့် ရွှေသံလွင်ကုမ္ပဏီမှ ဆောက်လုပ်ရေးအလုပ်သမားများ၊ ရေတပ်မှရဲဘော်များ၊ လုပ်အားပေးများ၊ ဘုရားဖူးများအပါအဝင် အနည်းဆုံး လူ ၃၀ ကျော်သေဆုံးပြီး ၁၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့သည်။ ဤဘုရားကို မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်ဦးဆောင်၍ ပြန်လည်ပြုပြင်ထားရာ မေ (၇)ရက်က ဘုရားထီးတင် ရေစက်ချခဲ့ပြီး တလမပြည့်မီ ပြိုကျခြင်းဖြစ်သည်။

☹ ရခိုင်ပြည် ရသေ့တောင်မြို့နယ်အတွင်း ကျေးရွာ(၈)ရွာတွင် နအဖတပ် ခမရ ၅၃၆၊ ၅၃၇ နှင့် ၅၃၈ တို့မှ စစ်သားများက လက်ထပ်ယူပြီးနောက် စွန့်ပစ်ထားခဲ့သည့် အမျိုးသမီးပေါင်း (၂၁၀)ဦးရှိနေသည်။ ၎င်းတို့အနက် အနည်းစုသာ မုဆိုးမများဖြစ်ကြပြီး ကျန်အများစုမှာ အကြောင်းမဲ့စွန့်ပစ်ခံရသူများဖြစ်သည်။

☹ ဇွန် (၄)ရက်က ရခိုင်ပြည်နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နယ်စပ် စိန့်မာတင်ကျွန်းအနီးတွင် နစကတပ်များက ဘင်္ဂလားဒေ့ရှ်ငါးဖမ်းလှေများကို ပစ်ခတ်ရာ ဘင်္ဂလားဒေ့ရှ်ရေလုပ်သား (၁၁)ဦး ဒဏ်ရာရသွားသည်။

☹ ဇွန် (၆)ရက်က ရခိုင်ပြည် စစ်တွေလေဆိပ်တွင် နအဖပိုင် မြန်မာ့လေကြောင်းမှ ခရီးသည်တင်လေယာဉ်တစီး လမ်းချော်၍ လေယာဉ်မှူးနှင့် ခရီးသည် (၂)ဦး ဒဏ်ရာရသွားသည်။ ♦

*(ကျောဖုံး မုဒိမ်းလိင်စင် မှ)*

♀ ကရင်ပြည် ကော့ကရိတ်မြို့နယ် ထီးဆဲလယ်ကျေးရွာမှ အသက် ၃၀ အရွယ် ကရင်အမျိုးသမီးတဦးအား မေလ (၂၅)ရက်မနက်တွင် ဗိုလ်ကြီးဌေးဝင်း ဦးစီး နအဖတပ် ခလရ ၂၈၃ မှအင်အား (၃၀)ခန့်က ရွာပြင်လယ်တဲတွင် အုပ်စုလိုက်အဓမ္မပြုကျင့်ခဲ့သည်။

♀ မေ (၃၁)ရက်က ကချင်ပြည် မယန်းရွာတွင် နအဖတပ် အမတ ၃၇၂ မှစစ်သားများက (၁၇)နှစ်အရွယ် (၈)တန်းကျောင်းသူတဦးကို အုပ်စုလိုက်မုဒိမ်းကျင့်ရန်ကြိုးစားရာ ရွာသားလူငယ်များက ဟန့်တားခဲ့သဖြင့် စစ်သားများနှင့် အချင်းများခဲ့သည်။ သို့ဖြစ်၍ နအဖတပ်ရင်းမှူး ဒုဗိုလ်မှူးကြီးရဲတင့်ထွေးက ၎င်း၏စစ်သား (၃၀)ခန့်ကို ရွာတွင်းရှိသမျှ ရွာသားလူငယ်များကို ရိုက်နှက်ခိုင်းသဖြင့် လူငယ်(၁၅)ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

♀ ဇွန် (၁၅)ရက်က ကရင်ပြည် ဖားအံခရိုင် ခွေးလောပလိုရွာတွင် ကိုယ်ဝန်ရှစ်လရှိ နော်ပေး (၁၈ နှစ်) နှင့် ခြောက်လအရွယ်ကလေး၏အမေ နော်ဝါးလား (၁၇ နှစ်) တို့ကို နအဖတပ် ခမရ ၂၀၅ မှ စစ်သားများက အုပ်စုလိုက်မုဒိမ်းကျင့်ပြီး သတ်ပစ်လိုက်သည်။ ♦

NCGUB

ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားညွန့်ပေါင်းအစိုးရ
မှ ထုတ်ဝေသည်။

ဒီမိုကရေစီ လူ့အခွင့်အရေး ဖက်ဒရယ်

NCGUB
77 South Washington Street
Suite 308
Rockville, Maryland 20850
USA
Tel: (301) 424-4810
Fax: (301) 424-4812
E-mail: ncgub@ncgub.net

www.ncgub.net

www.campaignfordemocracy.net

## ကမ္ဘာ့ ၁၀ ဆိုးလှတဲ့မြန်မာပြည်




သတင်းစာဆရာများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ CPJ က ကမ္ဘာပေါ်တွင် အင်တာနက်ဘလော့ဂ်များကို အဖိနှိပ်အချုပ်ချယ်ဆုံးနိုင်ငံ ၁၀ နိုင်ငံစာရင်းကို မေ (၅)ရက်က ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံက နံပတ် ၁ အဆင့်ရပြီး အီရန်နှင့် ဆီးရီးယားနိုင်ငံများက ဒုတိယနှင့် တတိယနေရာရခဲ့သည်။ အင်တာနက်သတင်းဖိနှိပ်မှုကြီးမားသောအခြားနိုင်ငံများမှာ (၄) ကျူးဘား၊ (၅) ဆော်ဒီအာရေးဗျ၊ (၆) ဗီယက်နမ်၊ (၇) ကျူနီးရှား၊ (၈) တာ့က်မင်နစ္စတန်၊ (၉) တရုတ်၊ (၁၀) အီဂျစ်တို့ဖြစ်သည်။ ♦




☹ မြန်မာနိုင်ငံမှထုတ်လုပ်ပြီး ထိုင်းနယ်စပ်ဒုက္ခသည်စခန်းများတွင် အသုံးပြုနေသော ဝမ်းလူးဆီဆေး၊ ဂေါ်မုတ္တဆေး၊ အရောင်တင်မှုန့်၊ ပတ္တမြားသွေးဆေးနှင့် ဒန်အိုး ဒယ်အိုးများတွင် အန္တရာယ်ရှိသည့် ခဲနှင့်အာဆင်းနစ် (စိန်)ဓာတ်ပါဝင်နှုန်း မြင့်မားကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးဌာနက မတ် (၁၉) ရက်တွင် ဓာတ်ခွဲခန်းစမ်းသပ်ချက်အရ ကြေညာခဲ့သည်။

☹ မေ (၆)ရက်က ကရင်ပြည် တောင်ငူခရိုင် ထန်းတပင်မြို့နယ် တိပ်ပုရွာတွင် နအဖ ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်မောင်ဆင့်က ရွာသား ၁၀ ဦးကိုဖမ်းဆီးခဲ့ပြီး ရွာသူကြီး ယယ်စူးကို ရိုက်နှက်ညှဉ်းပန်းခဲ့သည်။ ရွာသူအမျိုးသမီး ၃ ဦး ဖြစ်သော နော်မခင် (၄၅ နှစ်)၊ နော်မူဖွယ် (၃၇ နှစ်)၊ နော်ဘွေဖော (၂၀ နှစ်) တို့ကိုလည်း ကြိုးတုတ်ရိုက်နှက်ပြီး ကိုယ်တုံးလုံးချွတ်၍ မြေကျင်းထဲထည့် ချုပ်ထားခဲ့သည်။

☹ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်များရှိ ခွဲထွက်ရေးသူပုန်များသည် ၎င်းတို့ကိုင်ဆောင်သုံးစွဲသည့် လက်နက်ခဲယမ်း ၈၀ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံမှ ရရှိတင်သွင်းနေသည်။ (စာမျက်နှာ ၁၃ သို့)

## စာနယ်ဇင်း မလွတ်လပ်ဆုံး



မေ (၃)ရက်တွင် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် အမေရိကန်အခြေစိုက်လွတ်လပ်ရေးဂေဟာ Freedom House အဖွဲ့ကြီးက ၂၀၀၉ ခုနှစ်အတွက် စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေကို ထုတ်ပြန်လိုက်ရာ ကမ္ဘာ့နိုင်ငံ ၁၉၅ နိုင်ငံအနက် သတင်းလွတ်လပ်ခွင့် အဆိုးဆုံးနိုင်ငံများအဖြစ် မြောက်ကိုရီးယား၊ တာ့က်မင်နစ္စတန်၊ မြန်မာ၊ လစ်ဗျား၊ အီရီထရီးယား၊ ကျူးဘားတို့ကို အစဉ်လိုက်သတ်မှတ်ထားသည်။ ♦

## လူ သတ် ယန္တ ရား THE KILLING MACHINE

### မုဒိမ်းလိုင်စင်

♀ မေ (၁၄)ရက်က ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်တွင် နအဖတပ် ခမရ ၄၂၆ တပ်ရင်းမှူး ညွန့်ဦး ခေါင်းဆောင်သည့်စစ်သားများက (၁၅)နှစ်အရွယ်ပအိုဝ်းမိန်းကလေးတဦးကို အုပ်စုလိုက်မုဒိမ်းကျင့်ခဲ့သည်။

(စာမျက်နှာ ၁၃ သို့)

☠ မတ် (၃)ရက်က ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့တွင် ညောင်ကုန်းရပ်ကွက်မှ အက်ဒွပ်သည် တောင်ယာမှအပြန်၌ ကြံ့ဖွံ့တ်ခေါင်းဆောင် နန်းအေးထူး၏ ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်ယူရာမှ နန်းအေးထူးနှင့် ပြဿနာဖြစ်ခဲ့၍ ညဖက်တွင် ရဲနှင့်ကြံ့ဖွံ့တ်များ အိမ်သို့လာရောက်ဖမ်းဆီးသည့်အခါ အဖမ်းမခံဘဲ မိမိကိုယ်မိမိ ဆွဲကြိုးချ သတ်သေလိုက်သည်။

(စာမျက်နှာ ၁၃ သို့)